# မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၄၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္လာနေ့။


## ခေါင်းဆောင်မှု

တိုင်းပြည်ရဲ့ခေါင်းဆောင်မှုဟာ လူတစ်ဦးတည်းက ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲနှင့် အဖွဲ့နှင့်ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ ငါသဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲ အဖွဲ့ရဲ့ဆန္ဒယူပြီး အဖွဲ့ရဲ့အုပ်ချုပ်ရေး အောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၁)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# လျှော်ဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့သည့် လေးကျွန်းမာရ်အောင်စေတီတော်ကြီး အသစ်တစ်ဖန်ပြုပြင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များတင်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ စိန်ဖူးတော်ကို အောင်မြေမင်္ဂလာဓမ္မာရုံသို့ ပင့်ဆောင်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့လေးကျွန်းမာရ်အောင်စေတီတော်၌တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ခေတ္တပူဇော်ခံထားရှိရာ မန္တလေး ကရဝိက်ဖောင်တော်ဟိုတယ်သို့ရောက်ရှိပြီး စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် လေးကျွန်းမာရ်အောင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကရဝိက်ဖောင်တော်ဖြင့် ဧရာဝတီမြစ်အတိုင်း ဆန်တက်၍ လေးကျွန်းမာရ်အောင်စေတီတော်သို့ ပင့်ဆောင်ကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လေးကျွန်းမာရ်အောင်စေတီတော် လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဓမ္မဓူတရောင်ခြည် ဓမ္မာရုံအတွင်း၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဒီမိုကရေစီနှင့် အုပ်ချုပ်ရေးယန္တရား

လာမည့်နှစ်ကုန်တွင် အထွေထွေရွေးကောက်ပွဲကျင်းပကာ အစိုးရတစ်ရပ်ကို ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စတင်သည်နှင့် စိတ်သစ် လူသစ်၊ ဖွဲ့စည်းပုံအသစ်နှင့် ပြည်သူများလိုလားသည့် အုပ်ချုပ်ရေးယန္တရား ဖြစ်စေရန် ပြောင်းလဲတော့မည်ဖြစ်ပါသည်။

ထိုသို့အစိုးရတစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဒီမိုကရေစီအစိုးရ သက်တမ်းတစ်ခုနှင့် တစ်ခုအကြား အကူးအပြောင်းကာလ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် မဟာဗျူဟာ လုပ်ငန်းစဉ်များ၊ နည်းဗျူဟာများ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်နိုင်ရန် တစ်ခေတ်တစ်ခါက ပါလီမန်ဒီမိုကရေစီခေတ်က အတွင်းဝန်များရုံးကို ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်ပါသည်။

ဤရည်မှန်းချက်ကိုဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ ပါဝင်သည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းတစ်ခုကို ဇန်နဝါရီ ၁၉ ရက်မှစတင်ကာ နေပြည်တော်၌ တစ်လကြာ သင်တန်းပို့ချခဲ့ပါသည်။ ဤသင်တန်းသို့ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး စုစုပေါင်း ၆၆ ဦးတက်ရောက်ခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးအမှူးများသည် အစိုးရ အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်မည့် Key Driver များ ဖြစ်လာကြမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အတွင်းဝန်ရာထူးကိုဆက်ခံမည့် အရာရှိကြီးများ ဖြစ်လာကြမည်ဖြစ်ပါသည်။

အမြဲတမ်းအတွင်းဝန်ဟူသည်ကား သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၌ ရွေးကောက်တင်မြှောက်၍ ကိုယ်စားပြုပြီး ရောက်ရှိလာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများအကြား လုပ်ငန်းကဏ္ဍများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းတာဝန်များကို ကျွမ်းကျင် ပိုင်နိုင်စွာ စီမံအုပ်ချုပ်လုပ်ကိုင်ပေးရခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမြဲတမ်းအတွင်းဝန်များသည် Middle Man များ ဖြစ်ကြပါသည်။

သို့အတွက် အမြဲတမ်းအတွင်းဝန်များသည် အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်ကြမည့် Key Driver များ ဖြစ်ကြသည့်အလျောက် မည်သည့်အစိုးရတက်သည်ဖြစ်စေ နိုင်ငံတော်၏ မျှော်မှန်းချက် (Vision) နှင့် ကဏ္ဍအလိုက် မဟာဗျူဟာလုပ်ငန်းစဉ် (Strategy) များ၊ နည်းဗျူဟာများ (Tactics) များနှင့် အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်သော ဒီမိုကရေစီစနစ် အုပ်ချုပ်ရေးယန္တရားအဖြစ်တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။



### တပ်မတော်သားများအတွက် အလှူငွေပေးအပ်

လောက်ကိုင်ဒေသစစ်ဆင်ရေး၌ နိုင်ငံတော်တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့မှ စေတနာရှင်များ၏ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်ရှိ ကျောက်ဆည်ရိပ်သာ၌ ကျင်းပရာ ဦးစိုင်းအုန်းပွင့်နှင့်ဇနီး ဒေါ်တင်မေထွန်း (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်) မိသားစုက ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်နိုင်ဦးက လက်ခံယူစဉ်။ မောင်ယဉ်ကျေး

## ပြည်သူလူထုအမှန်တကယ် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများကိုသာ ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသော ဝန်ကြီးဌာနနှင့်နားလည်မှုစာချွန်လွှာရေးထိုးထားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းပွဲသို့တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ယနေ့အချိန်ထိ ကုလသမဂ္ဂအဖွဲ့အစည်း ခုနစ်ဖွဲ့နှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများ ၃၄ ဖွဲ့တို့ဖြင့် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးစီမံခန့် ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြောင်းလဲလာသည့်ခေတ်သစ်၊ စနစ်သစ်နှင့်အညီ ပြည်သူလူထုအမှန်တကယ် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများကိုသာ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ရုံးအဖွဲ့မှူး ဒေါက်တာကိုကိုနိုင်က တွေ့ဆုံညှိနှိုင်းပွဲ၏ ရည်ရွယ်ချက်၊ လက်ရှိအခြေအနေနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးများဖြစ်သော ဒေါ်ရူပါမြနှင့် ဦးဝင်းထိန်ကျော်တို့က နားလည်မှုစာချွန်လွှာရေးထိုးထားသော အဖွဲ့အစည်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ အစီအစဉ်အရ တက်ရောက်လာကြသော မိတ်ဖက်အဖွဲ့အစည်းများက ပြန်လှန်ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်ကလည်း ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## စာမူရှင်များကို ဂုဏ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ဆေးတက္ကသိုလ် (မန္တလေး) ၏ သမိုင်းအစဉ်အလာကို ဖော်ကျူးမှတ်တမ်းတင်ရန် ဆေးပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာနှင့် လူနေမှုဘဝကို ထင်ဟပ်ဖော်ပြရန် မြန်မာစာ၊ မြန်မာမှု၊ မြန်မာ့ဘဝကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခဲ့သော ဆေးတက္ကသိုလ် (မန္တလေး) နှစ် (၆၀) ပြည့်အထိမ်းအမှတ် မဂ္ဂဇင်း၏ စာမူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်ငွေရတုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂ -၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။

## စစ်သည်များအတွက် ဆုတောင်းမေတ္တာပို့သ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီးတွင် ဖေဖော်ဝါရီ ၂၂ ရက်နံနက် ၁၀ နာရီက လောက်ကိုင်တိုက်ပွဲ၌ ကျဆုံးသွားသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်ရဲမေများနှင့် တရားသောစစ်ကို ဆက်လက်တိုက်ပွဲဝင်လျက်ရှိသော စစ်သည်များအတွက် ဆုတောင်းမေတ္တာပို့သခြင်းအခမ်းအနားကို ကျိုင်းတုံမြို့ နှလုံးလှပိုင်ရှင်များ (အခမဲ့) လူမှုကူညီရေးအသင်းက ဦးဆောင်၍ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ စစ်သည်များအတွက် ဆုတောင်းမေတ္တာပို့သခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။ အခမ်းအနားကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

ပြည်တွင်းသတင်း

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က လောက်ကိုင်မြို့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းကျဆုံးခဲ့ကြသည့် တပ်မတော်သားများအတွက် အလှူငွေပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လောက်ကိုင်ဒေသတွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်အတွက် အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းမြို့ သောတာပန်ရပ်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စေတီတော်လိုဏ်ဂူအတွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် လောက်ကိုင်ဒေသ၌ ပြည်သူတို့၏ အသက် အိုးအိမ်စည်းစိမ်အတွက် အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က လှူဒါန်းငွေကျပ်သိန်း ၃၀၀၊ ပိုင်ကုမ္ပဏီနှင့် ကံ့ကော်မြိုင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၅၀စီ လှူဒါန်းကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက လက်ခံရယူခဲ့သည်။ **(ယာပုံ)** **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပုသိမ် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီးဒေါ်ခင်ဌေးမြင့်တို့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈နာရီခွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လောက်ကိုင်ဒေသတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနား ဖြစ်ပါကြောင်း၊ ဘာသာတရားရှုထောင့်၊ လူမှုရေးရှုထောင့်များမှ ကြည့်ပါကလည်း မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များဖြင့် လာရောက်လှူဒါန်းခဲ့သည့်အတွက် အလွန်မွန်မြတ်သည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း၊ လောက်ကိုင်ဒေသတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် တပ်မတော်သားများ၏ အသက်သွေးချွေးများ စွန့်လွှတ်ခဲ့ရပါကြောင်း၊ ပြည်သူများအနေဖြင့် ယခုကဲ့သို့ တပ်မတော်အပေါ် ထားရှိသည့် မေတ္တာ၊စေတနာနှင့် တန်ဖိုးကို တွေ့ရှိရသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ ယနေ့အခမ်းအနားဖြစ်မြောက်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းခဲ့ကြသည့် တိုင်းမှူးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း" ပြောကြားသည်။ ဆက်လက်၍ အလှူရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် စစ်မှုထမ်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည့် အကြောင်းအရင်းကို ရှင်းလင်းတင်ပြခဲ့ပြီး အလှူရှင်များက အလှူငွေကျပ် ၁၀၅၇၀၁၅၀၀ နှင့် ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၇၉၅၇၅၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၃၆၅၉၀၀၀ ပေးအပ်ခဲ့ကာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဟားခါး၌ ဖွင့်လှစ်

**ဟားခါး ဖေဖော်ဝါရီ ၂၂**

တိုင်းရင်းဆေးပညာဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်စေရေးတို့ကို ရည်ရွယ်လျက် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ရှိ အဆိုပါ ဆေးရုံနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့် မြို့မိမြို့ဖဦးဟရန်မှုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက် ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရား လွှတ်တော်များ၊ ခရိုင်တရားရုံးများ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဦးဝင်းဆွေက ထပ်ဆင့်ရှင်းလင်းမှာကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၁၈၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ခေတ်ဟောင်းမော်တော်ယာဉ် ၇၅ စီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၅၃ ဦးတို့အား ပြည်ထောင်စုဝန်ကြီးတွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Essence of Myanmar Travels & Tours Co., Ltd ၏ စီစဉ်မှုဖြင့် ခေတ်ဟောင်းမော်တော်ယာဉ် ၇၅ စီးဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၅၃ ဦးတို့သည် မြန်မာနိုင်ငံအတွင်း လှည့်လည်လေ့လာရန်အတွက် မြဝတီနယ်စပ်ပေါက်မှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်က မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည်။**



အဆိုပါ မော်တော်ယာဉ်တန်းခရီးစဉ်သည် မော်လမြိုင်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က ညအိပ်ရပ်နားခဲ့ပြီးဖေဖော်ဝါရီ၂၁ ရက်နေ့လယ်ပိုင်းတွင် နေပြည်တော်သို့ရောက်ရှိလာရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနမှ တာဝန်ရှိသူများက ကမ္ဘာလှည့်ခရီးသည်များအား ၎င်းတို့ တည်းခိုရာ ရွှေနန်းတော်ဟိုတယ်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကားများနှင့် လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသွားရောက်မည့်နေရာများမှာ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများဖြစ်ပြီး မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေများ၊ ကြွယ်ဝသောယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အခွင့်သင့်ခိုက် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေအမှန်ကို မိမိတို့ တိုင်းပြည်များသို့ ပြန်လည်ရောက်ရှိသည့်အခါ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများအား လက်ဆင့်ကမ်းပြန်လည် ပြောကြားပေးစေလိုပါကြောင်းဖြင့် ရင်းရင်းနှီးနှီးပြောဆိုနှုတ်ဆက်ခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် နေပြည်တော်တွင် ညအိပ်ရပ်နားပြီးနောက် ခေတ်ဟောင်း မော်တော်ယာဉ်များနှင့်အတူ အင်းလေး၊ မန္တလေး၊ ပုဂံ၊ ရန်ကုန်စသည့်ဒေသများသို့ သွားရောက် လေ့လာလည်ပတ်ကာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး မော်တော်ယာဉ်များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာဒါယိကာမများ၏ အကြိမ်(၃၀)မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ရန်နှင့် နိုဝင်ဘာ ၂၃ ရက်မှစ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **(မိုး/ဇလ)**

နိုင်ငံတကာသတင်း

# ယူကရိန်းတွင်လက်နက်ကြီးများ ရုပ်သိမ်းရေးသူပုန်များ သဘောတူ



ဒေသများတွင် လွန်ခဲ့သော ဧပရယ်လကတည်းက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအတွင်း လူပေါင်း ၅၇၀၀ နီးပါးသေဆုံးခဲ့ကြောင်း ကုလသမဂ္ဂမှ သိရသည်။ **(ဘီဘီစီ)**

**ကီယက်ဗ် ဖေဖော်ဝါရီ ၂၂**

ယူကရိန်းအရှေ့ပိုင်းရှိ သူပုန်များသည် ရှေ့တန်းစစ်မျက်နှာမှ လက်နက်ကြီးများကို စတင်ရုပ်သိမ်းရန် သဘောတူညီခဲ့ပြီး အပစ်အခတ်ရပ်ရေးဆွေးနွေးမှုများပြုလုပ်ရာတွင် ရုရှားမှအကြီးအကဲတစ်ဦးလည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ရုရှားလိုလားသည့် သူပုန်များသည် လာမည့်သီတင်းနှစ်ပတ်ကျော်တွင်လက်နက်ကြီးများ အပြီးသတ် ရုပ်သိမ်းနိုင်ရေး လက်မှတ်ရေးထိုးခဲ့ကြောင်း ဂန်အလက်ဇန်းဒါး လန်ဆော့ဗ်က ပြောသည်။

ယူကရိန်းနှင့် ခွဲထွက်ရေးသူပုန်များသည် မင့်စ်အပစ်အခတ်ရပ်စဲရေးစာချုပ်အရ အကျဉ်းသားများလဲလှယ်ရေးတွင် အကျဉ်းသားပေါင်း ၁၉၁ ဦးကို လဲလှယ်ခဲ့ကြသည်။

ဤကဲ့သို့ လဲလှယ်ခြင်းသည် ပြင်သစ်နှင့် ဂျာမနီတို့ ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ဘီလာရုနိုင်ငံတွင် ဖေဖော်ဝါရီ ၁၂ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သော စာချုပ်ပါအချက်အလက်များကို အောင်မြင်စွာဆောင်ရွက်နိုင်မှု၏ ပထမခြေလှမ်းပင်ဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဝါရှင်တန်အနေဖြင့် ရုရှားအပေါ်တွင် ပိတ်ဆို့အရေးယူမှုများ ပြင်းထန်စွာပြုလုပ်ရန်စဉ်းစားနေကြောင်းနှင့် ထိုဆုံးဖြတ်ချက်ကို မကြာမီအကောင်အထည်ဖော်မည်ဖြစ်ကြောင်းပြောကြားခဲ့သည့်အတွက် အကျဉ်းသားလဲလှယ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပိတ်ဆို့အရေးယူမှု ပြုလုပ်ခြင်းဖြင့် ယူကရိန်း ပဋိပက္ခကို မဖြေရှင်းနိုင်ကြောင်း ကရင်မလင်မှ ပြောရေးဆိုခွင့်ရှိသူ ဒမီထရီ ပက်စကော့ဗ်က ပြောခဲ့သည်။

ယူကရိန်းနိုင်ငံသားထောင်ပေါင်းများစွာနှင့် ဥရောပခေါင်းဆောင်များသည် တနင်္ဂနွေနေ့၌ မြို့တော်ကီယက်တွင် ပြုလုပ်မည့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သော ကန့်ကွက်ဆန္ဒပြမှုများတွင် စနိုက်ပါနှင့် ပစ်ခတ်ခဲ့ရခြင်းကြောင့် သေဆုံးခဲ့သူများအတွက် အောက်မေ့အမှတ်ရဖွယ်အခမ်းအနားသို့ တက်ရောက်မည်ဟု ယူဆရသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ဒိုနက်စ်နှင့် လူဟန့်စ်

# ကြက်ငှက်တုပ်ကွေးရောဂါ အိန္ဒိယ၌ အဆိုးရွားဆုံးဖြစ်ပွားနေ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယကျန်းမာရေး တာဝန်ရှိသူများသည် ဒီဇင်ဘာလလယ်မှစတင်ကာ ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့ခြင်းနှင့်ပတ်သက်ပြီး ရောဂါထိန်းချုပ်နိုင်ရေး ကြိုးစားနေကြသည်။

ရောဂါကူးစက်ခံရသူ အရေအတွက် နှစ်ဆတိုးလာခဲ့ရာ လွန်ခဲ့သည့် သီတင်းပတ်ကတည်းက လူ၁၁၀၀၀ ရှိသည်ဟု ဆိုသည်။ အစိုးရက ရောဂါဖြစ်ပွားရာ ဒေသများသို့ ဆေးဝါးများ ဖြန့်ဝေပေးမှုနှေးကွေးနေကြောင်း ဝေဖန်သူများက ပြောဆိုသည်။ သို့သော်လည်း ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက အခိုင်အမာ ပြောဆိုသည်။



ကြက်ငှက်တုပ်ကွေး ဖြစ်ပွားစေသည့် H1N1 ဗိုင်းရပ်စ်သည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အဆိုးရွားဆုံး ကူးစက်ဖြစ်ပွားလျက်ရှိသည်။

ယင်းဗိုင်းရပ်စ်သည် ၂၀၀၉ ခုနှစ်က မက္ကဆီကို၌ ပထမဆုံးဖြစ်ပွားခဲ့ပြီး ကမ္ဘာတစ်ဝန်းပျံ့နှံ့သွားခဲ့သည်။

အိန္ဒိယနိုင်ငံ ရာဂျသ်စတန်ပြည်နယ် မြောက်ပိုင်း၌ အဆိုပါရောဂါ အဆိုးရွားဆုံးကူးစက်ပျံ့ပွားလျက်ရှိသည်။ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေး အာဏာပိုင်များက ယင်းရောဂါမှ ရှောင်ရှားနိုင်ရန် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ တစ်ဆင့် ပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။ **(ဘီဘီစီ)**

# အမေရိကန် အငြိမ်းစားရဲအရာရှိတစ်ဦး သမီးနှစ်ဦးကိုသတ်ပြီး ကိုယ်တိုင်လည်းသတ်သေ

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

မကြာသေးမီကမှ အငြိမ်းစားယူထားသည့် အမေရိကန်ရဲအရာရှိတစ်ဦးသည် နယူးယောက်မြို့ ဝက်စ်ချက်စတာတွင် ၎င်း၏ သမီးနှစ်ဦးနှင့် အိမ်မွေးခွေးကို ပစ်သတ်ခဲ့ပြီးနောက် မိမိကိုယ် မိမိအဆုံးစီရင်ခဲ့သည်။

အသက် ၅၂ နှစ်အရွယ်ရှိ ဂလန်ဟို့ချ်မန်းသည် နယူးယောက်မြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ မြို့တစ်မြို့ရှိ ၎င်း၏နေအိမ်တွင် သမီးနှစ်ဦးဖြစ်သည့် အသက် ၁၇ နှစ်အရွယ်ရှိ အလီဆာနှင့် အသက် ၁၃ နှစ်အရွယ်ရှိ ဒီရာနာတို့ကို ဓားဖြင့်ထိုး၊ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

ဦးခေါင်းတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော မစ္စတာဟို့ချ်မန်းကို ရဲများက ကားဂိုဒေါင်ထဲတွင်တွေ့ရှိခဲ့သည်။ ၎င်း၏ဇနီးဖြစ်သူ အသက် ၅၀ အရွယ်ရှိ အနာမရီနှင့် ၎င်း၏သမီးတစ်ဦးဖြစ်သူ ဆမန်သာတို့သည် သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်၌ နေအိမ်တွင် မရှိကြပေ။

မစ္စတာ ဟို့ချ်မန်သည် ဝိုက်ပလိန်းစ်မြို့တွင် ရဲအရာရှိတစ်ဦးအဖြစ် ၂၂ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီး လွန်ခဲ့သည့်လက အငြိမ်းစားယူခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် မေလတွင် ပြည်သူ့လုံခြုံရေးဌာနမှ ချီးမြှင့်သော အသက်ကယ်ဆုကို ရရှိခဲ့သည်။

နှစ်စဉ် အမေရိကန်ပြည်ထောင်စု၌ လူပေါင်း ၃၀၀၀၀ သည်သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးရသည်။ ပျမ်းမျှအားဖြင့် နေ့စဉ် ၈၇ ဦးမှာ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးရပြီး ၁၈၃ ဦးဒဏ်ရာရရှိကြောင်း ချီကာဂိုတက္ကသိုလ်ရာဇဝတ်မှုစမ်းသပ်ဓာတ်ခွဲခန်းနှင့် ရောဂါဗေဒထိန်းချုပ်ရေးစင်တာမှ သိရသည်။ **(ပရက်စ်တီဗွီ)**

# တောင်ဆူဒန်တွင် ကလေးငယ် ၈၉ ဦးကို ပြန်ပေးဆွဲ

**ကာတိုရမ် ဖေဖော်ဝါရီ ၂၂**

တောင်ဆူဒန်နိုင်ငံ နိုင်းမြစ်ဝှမ်းအထက်ပိုင်းဒေသရှိ ရေနံကြွယ်ဝသည့် မလက်ကယ်မြို့အနီးတွင် အမည်မသိ သေနတ်သမားများက ကလေးငယ် ၈၉ ဦးကို စနေနေ့က ပြန်ပေးဆွဲသွားသည်ဟု ယူနီဆက်အဖွဲ့က ပြောခဲ့သည်။

သေနတ်သမားများသည် လူနေရပ်ကွက်အပြင်ဘက် ဧရိယာတစ်ဝိုက်တွင် နေရာယူခဲ့ပြီး တစ်အိမ်မှ တစ်အိမ်ကူး၍ အခြေအနေကြည့်ရှုစစ်ဆေးကာ ကလေးငယ်များကို ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ ပြန်ပေးဆွဲခံရသူ အများစုမှာ အသက် ၁၂ နှစ်အထက် ကလေးငယ်များဖြစ်သည်ဟု သိရသည်။

ဆူပူတိုက်ခိုက်မှုများကြောင့် ရွာများကို စွန့်ခွာထွက်ပြေးလာကြသော လူထောင်ပေါင်းများစွာနေထိုင်သည့် ဒုက္ခသည်စခန်းရှိရာ နိုင်းမြစ်ဝှမ်းပေါ်ရှိ မလက်ကယ်မြို့တော်အနီးတွင် ကလေးငယ်များပြန်ပေးဆွဲခံခဲ့ရသည်ဟု ယူနီဆက်အဖွဲ့ကြီးက ဆိုသည်။

တောင်ဆူဒန်မှ ယူနီဆက်အဖွဲ့ကိုယ်စားလှယ် ဂျိုနသန်ဖစ်ချ်က "ပြန်ပေးသမားတွေဟာ နိုင်ငံတကာ စည်းမျဉ်းဥပဒေတွေကို ချိုးဖောက်နေပါတယ်။ ပဋိပက္ခဖန်တီးတဲ့ လုပ်ရပ်တွေမှာ ကလေးငယ်တွေကို အတင်းအဓမ္မသွေးဆောင်ဖမ်းဆီးမှုတွေနဲ့ ခေါင်းပုံဖြတ်မှုတွေ လုပ်နေတာဟာလည်း နိုင်ငံတကာလူသားချင်းစာနာမှု ဆိုင်ရာဥပဒေတွေကို ချိုးဖောက်လိုက်တာပါပဲ" ဟု ပြောသည်။ အစိုးရတပ်ဖွဲ့နှင့် တောင်ဆူဒန်သမ္မတဟောင်း ရိခ်မာချာကိုသစ္စာခံသည့် အတိုက်အခံအုပ်စုများအကြား ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုများသည် သမ္မတ ဆဲလ်ဗာကီယာက မာချာသည် အာဏာသိမ်းရန် စီစဉ်နေသည်ဟု စွပ်စွဲခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တောင်ဆူဒန်ပဋိပက္ခ၌ ပါဝင်နေကြသည့် လူစုများသည် ပြည်တွင်းစစ်အတွင်း ကလေးငယ်များကို အသုံးပြုရန် စစ်သားစုဆောင်းရေးကို ဆက်လက်လုပ်ဆောင်နေကြသည်ဟု လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအဖွဲ့က ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

# တူရကီတင့်ကားများနှင့်တပ်ဖွဲ့ဝင်များ ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်

**အစ္စတန်ဘူ ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများက ဝိုင်းထားခြင်းခံနေရသော ဆူလေမန်ရှားဂူသင်္ချိုင်းမှ အစောင့်စစ်သည်များကို ကယ်ထုတ်ရန်နှင့် ဂူသင်္ချိုင်းကိုလည်း နယ်စပ်ကိုဖြတ်ကျော်ကာ တူရကီနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းသယ်ယူရန် တူရကီစစ်ဘက်က စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲလိုက်ပြီဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားပြီး တူရကီသတင်းမီဒီယာများကလည်း ယနေ့ဖော်ပြသည်။

အဆိုပါ ဂူသင်္ချိုင်းနေရာကို စစ်သွေးကြွများက အသုံးမပြုနိုင်ရေးအတွက် ဖျက်ဆီးခဲ့ကြောင်း၊ စစ်ဆင်ရေးပြုလုပ်နေစဉ် အတွင်း မတော်တဆမှုတစ်ခုကြောင့် စစ်သည်တစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ စီအင်န်အင်န်တာ့ခ်က သတင်းထုတ်ပြန်ခဲ့သည်။

"ဆာ့ဖ်ရက်" ဟု အမည်ပေးထားသည့် အဆိုပါစစ်ဆင်ရေးကို ဖေဖော်ဝါရီ ၂၁ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး တင့်ကားများနှင့် လက်နက်ကြီးများ အမြောက်အမြားပါဝင်သော ယာဉ်တန်းဖြင့် ကိုဘာနီမြို့ကို ဖြတ်သန်းကာ ဆီးရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ကိုဘာနီသည် ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်လူမျိုးတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်ပြီး အမေရိကန် ဦးဆောင်သော စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲကာမကြာမီကမှ အိုင်အက်စ် စစ်သွေးကြွများ လက်အောက်မှ လွတ်မြောက်ခဲ့သည့်နေရာလည်းဖြစ်သည်။

ဆူလေမန်ရှားသည် အော်တိုမန်အင်ပါယာ တည်ထောင်ခဲ့သူဖြစ်ပြီး ၎င်း၏ ဂူသင်္ချိုင်းကို တူရကီစစ်သည် ၄၀ တို့က စောင့်ရှောက်လျက်ရှိရာ ၎င်းတို့အနက် ၂၀ မှာ တူရကီအထူးတပ်ဖွဲ့များမှ လက်ရွေးစင်စစ်သည်များ ဖြစ်ကြသည်။

တူရကီတပ်ဖွဲ့များ နယ်စပ်ဖြတ်ကျော်ကာ ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်လာခြင်းနှင့် ပတ်သက်၍ ဆီးရီးယားဘက်မှ တုံ့ပြန်မှုတစ်စုံတစ်ရာ မရှိသေးကြောင်းလည်း သိရသည်။ **(ရိုက်တာ)**



ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်း အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၃၁)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ ထုတ်ပြန်ကြေညာချက်

ကျောင်းသားများဦးဆောင်တောင်းဆိုချက်ဖြစ်သော အမျိုးသားပညာရေးဥပဒေအချက်အလက်များကို နိုင်ငံတော်အစိုးရအပါအဝင် လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ သဘောတူလိုက်သဖြင့် ငြိမ်းငြိမ်းချမ်းချမ်းအရေးအခင်း တစ်ခုပြီးဆုံးသွားသည်ကို ဆရာတော်များ အလွန်မတန်ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဤအရေးအခင်း၌ ကျောင်းသားများ၏ တက်ကြွစွာပါဝင်မှု၊ နိုင်ငံတော်အစိုးရ၏ စေတနာထားမှုတို့ကို ပေါ်ပေါ်လွင်လွင်တွေ့ရသဖြင့် ပို၍ဝမ်းမြောက်ဂုဏ်ယူပါသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများ၌ ပြည်သူများသိရှိရန်

(က) မူလပြဌာန်းပြီး အမျိုးသားပညာရေးဥပဒေ

(ခ) နောက်ထပ်ဖြုတ်ပယ်ထည့်စွက်သည့် အမျိုးသားပညာရေးဥပဒေကြမ်းများကို သေချာစွာ နှိုင်းချိန်လေ့လာကြည့်သောအခါ-

**နောက်ထပ် ဖြုတ်ပယ် ထည့်စွက်သည့် အမျိုးသားပညာရေးဥပဒေကြမ်း**များသည် **တိုင်းပြည်နှင့်လူမျိုးအနာဂတ်အတွက် ရတက်မအေးစရာများ၊ ကျောချမ်းစရာ၊ ယိုပေါက်ဟာပေါက်များ၊ ကြီးမားသောဘေးထွက်ဆိုးကျိုးများ၊ မသိမသာမလိမ့်တပတ် နားလှည့်ပါးရိုက်မှုများ စသည် စသည်** မြောက်မြားစွာပါဝင်နေသည်ကို သတိထားမိသူ မျိုးချစ်များ၊ ပညာရှင်များတွေ့မြင်ပြောဆိုဝေဖန်နေကြပါသည်။

**"ပညာမြင့်မှ လူမျိုးတင့်မည်"** ဆောင်ပုဒ်အတိုင်း အဆင့်မီသော၊ အမျိုးသားရေးအတွက် ကောင်းကျိုးဖြစ်ထွန်း စေနိုင်သော ပညာရေးသည် တိုင်းပြည်နှင့် လူမျိုးအတွက် မဖြစ်မနေ လိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းပြည်နှင့်လူမျိုးအနာဂတ်အတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့်အားလျော်စွာ အကောင်းဆုံးအမျိုးသားပညာရေးဥပဒေဖြစ်စေရေးအတွက် မည်သည့်အကြောင်းကြောင့်မျှ အလောတကြီး မဖြစ်စေဘဲအဘက်ဘက်က အကောင်းဆုံးဖြစ်အောင်အချိန်ယူ ဆွေးနွေးတိုင်ပင်ရေးဆွဲကြပါဟု ထပ်မံ၍ လေးလေးနက်နက် အထူးတိုက်တွန်းအပ်ပါသည်။

အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ တိုင်းပြည်နှင့်လူမျိုးအတွက် အကြံပြုချက်များကိုလည်း လွှတ်တော်အရပ်ရပ်သို့ အခါအားလျော်စွာ အချိန်မီထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း မဘသအဖွဲ့ကြီးမှ သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

၁၃၇၆ - ခု၊ တပေါင်းလဆန်း ၄ - ရက်၊

(ဖေဖော်ဝါရီ - ၂၁၊ ၂၀၁၅)၊ စနေနေ့

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**MYANMAR MOTION PICTURE ORGANIZATION**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်နယ်မြေတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုကာကွယ်ရန်အတွက် မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် မိမိအသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်နေသော တပ်မတော်သားများ၊ တိုက်ပွဲဝင်ရင်း နိုင်ငံတော်အတွက် အသက်စွန့်လှူခဲ့သော တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများနှင့် အဆိုပါတပ်မတော်သားများ၏မိသားစုဝင်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်နေသော ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းပါဝင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်သည့် လုပ်ရပ်များကို ခုခံတွန်းလှန်တိုက်ခိုက်နေသည့် မြန်မာ့တပ်မတော်၏ဆောင်ရွက်မှုများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထောက်ခံအပ်ပါသည်။

၄။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

**ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ဖုန်း ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆ (ရန်ကုန်)**

**ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဖုန်း ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃ (လားရှိုး)**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လောက်ကိုင်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို လားရှိုးမြို့ အထက(၁) မြစန္ဒာခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက ထောက်ပံ့ငွေကျပ် ၁၁ သိန်းကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပေးအပ်ရာ လားရှိုးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အင်ဂျင်နီယာမှူး ဦးမျိုးဝင်းအောင်က လက်ခံရယူခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူတို့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိပြီး နေရပ်ပြန်ကြမည့် အလုပ်သမားမိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စေတနာရှင် အလှူရှင်များကလည်း အစားအသောက်၊ ထမင်းထုပ်များ၊ အဝတ်အထည်များ၊ အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၏ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တွဲဖက်ရှမ်းပြည်နယ်ရုံး (လားရှိုး)မှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးကြည်နိုင်ကကြီးကြပ်၍ လားရှိုးမြို့ ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်အသင်းများမှ တာဝန်ရှိသူများနှင့်ပူးပေါင်းညှိနှိုင်းပြီး နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ်များဖြင့် စီစဉ်ပို့ဆောင်ပေးခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်အထိ စုစုပေါင်းမော်တော်ယာဉ် စီးရေ ၁၈၂ စီးဖြင့် နေရပ်ပြန်ပြည်သူ ၈၀၁၄ ဦးအား အခမဲ့ စီစဉ်ပို့ဆောင်ပေးပြီး ယနေ့နေရပ်အသီးသီး ပြန်ကြမည့် အလုပ်သမားမိသားစုဝင် ၁၈၈ ဦးအား မော်တော်ယာဉ်လေးစီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**



**ဓာတ်ပုံ- ဟန်ဌေး(iprd)**

# မုံရွာမြို့ ဘုန်းစိုးရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုန်းစိုးရပ်ကွက် နယ်မြေ(၁၀)မြတ်လေးလမ်းရှိ ဒေါ်လှလှရီနေအိမ်၌ ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ ၄၂ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဌ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရပ်ကွက်ကျေးရွာအုပ်စုများမှ မီးသတ်ယာဉ် ၁၀ စီးနှင့် ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်သန္နေဝန်ထမ်းများ၊ အရန်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ပေးမှုကြောင့် ည ၈ နာရီ မိနစ် ၅၀တွင် မီးထိန်းနိုင်ခဲ့ရာ ည ၉ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ပေ(၂၇×၂၀) သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းလူနေအိမ်တစ်လုံး ဂျာလင်းဆိုင်ကယ်တစ်စီးမီးလောင်ဆုံးရှုံးခဲ့ပြီး ဝင်းကို (၂၉ နှစ်)တွင် ဒဏ်ရာ (မစိုးရိမ်ရ)များရရှိခဲ့သည်။

မီးလောင်ရသည့် အကြောင်းအရင်းမှာ ဒေါ်လှလှရီကဓာတ်ဆီကို ရေသန့်ဘူးထဲသို့ ထည့်စဉ်ဆေးလိပ်သောက်ရာမှ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး ပေါ့ဆစွာ ဆောင်ရွက်သူ ဒေါ်လှလှရီ (၅၇ နှစ်) ဘုန်းစိုးရပ်ကွက် မုံရွာမြို့နေသူအား နယ်မြေ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ(iprd)**

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ကျောင်းသားသမဂ္ဂနှင့် အစွန်းတရားနှစ်ပါး

အောင်ဟိန်း

အမျိုးသားပညာရေးဥပဒေတွင် လူပြောအများဆုံး စကားလုံးကိုရွေးပါဆိုလျှင် ကျောင်းသားသမဂ္ဂစကားလုံးကိုပင်ရွေးရပါမည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်း တစ်လျှောက်မှ အစိုးရအဆက်ဆက်ကလည်း ကျောင်းသားသမဂ္ဂဆိုသည်နှင့် လက်ဝဲသမားများ၊ ဗကပမြေပေါ်၊ မြေအောက်ယူဂျီများ အုပ်စီးထားသော တကသ၊ ဗကသ တို့ကို ပြေးမြင်ပြီး ထိုစကားလုံးကို နားခါးသည်။ ကျောင်းသားများအနေဖြင့်လည်း ကျောင်းသားသမဂ္ဂဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ကိုဗဟိန်း စသည့် ကျောင်းသားခေါင်းဆောင်များ၏ သမိုင်း၊ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းနှင့်ဆက်စပ်လျက်ရှိသော သင်္ကေတဖြစ်သည်။ ယခု ပညာရေးဥပဒေကိုရေးဆွဲချိန်တွင် ပညာရေးဝန်ကြီးဌာနက သမဂ္ဂဆိုသော စကားလုံးကို ရှောင်သည်။ ကျောင်းသားများက ထည့်ချင်သည်။ နောက်ဆုံး ပညာရေးဥပဒေကို ဆန့်ကျင်သည့်လှုပ်ရှားမှုများ၏အစမှာ ကျောင်းသားသမဂ္ဂ စကားလုံးကို အငြင်းပွားရာမှ စသည်ဟုဆိုလျှင် မှားမည်မထင်။

အမျိုးသားပညာရေးဥပဒေကို ဆန့်ကျင်သည့် ကျောင်းသားများ၏ ဆန္ဒပြချီတက်မှုများ ပေါ်ပေါက်လာပြီးနောက် လေးပွင့်ဆိုင်ဆွေးနွေးမှုများအပြီးတွင် NNER နှင့် သပိတ်မှောက်ချီတက်နေသည့် ကျောင်းသားကိုယ်စားလှယ်များက ရေးဆွဲသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကို တင်သွင်းရန် ပညာရေးဝန်ကြီးဌာနက သဘောတူခဲ့သည်။ သို့သော် အခြေခံဥပဒေအရ လွှတ်တော်ကို တင်သွင်းရန်အတွက် ပညာရေးဝန်ကြီးဌာနကသာ တင်သွင်းရမည်ဖြစ်သည်။ တင်သွင်းမည့်ဌာနနှင့် ရေးဆွဲသူများအကြား ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ညှိနှိုင်းရာတွင် ကျောင်းသားများဘက်က တစ်လုံးတစ်ပါဒမှ အပြင်မခံဟု ကြားရသည်။ အစည်းအဝေးတက်သည့် ကျောင်းသားများ၊ ကွန်ရက်က ပညာရှင်များကလည်း ၎င်းအတိုင်းပင် ပြောခဲ့သည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနက သူတို့ဆွဲတာမဟုတ်ပါ၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနဲ့ ဦးအောင်မိုင်းဆန်းတို့ ရေးဆွဲသော ဥပဒေကြမ်းအတိုင်း တင်ပါသည်ဆိုသည့်မှတ်ချက်နှင့် လွှတ်တော်ကိုတင်သွင်းပြီး သတင်းစာများတွင် ဖော်ပြခဲ့သည်။

**ကျောင်းသားသမဂ္ဂသည် ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးမှုတွင် အရေးကြီးသည်၊ ကျောင်းသားသမဂ္ဂတစ်ခေတ်ဆန်းစေချင်သည်ဆိုလျှင် အစိုးရဘက်ကလည်း သမဂ္ဂဆိုသည့်စကားလုံးကို မကြောက်ဖို့လိုသည်။ ကျောင်းသားများဘက်ကလည်း သမဂ္ဂဟူသည် ကွန်မြူနစ်အယူအဆမဟုတ်သည်ကို နားလည်ဖို့လိုသည်။**

ထိုပြင်ဆင်ချက်ဥပဒေကြမ်းကို ကြည့်မည်ဆိုလျှင် ကျောင်းသားသမဂ္ဂဆိုသည့် စကားလုံးကို အစိုးရဘက်က အသုံးပြုရန် ငြင်းဆန်မှုကို မကျေနပ်သည့် ခံစားချက်များ လွှမ်းမိုးနေခြင်းကိုတွေ့ရသည်။ ထိုခံစားချက်များကြောင့် ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍက ကျောင်းသားအခွင့်အရေးအတွက် ဆောင်ရွက်ရန်ထက် ကျော်လွန်ပြီး အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး အပိုင်းများတွင် ဝင်ပါနေခြင်းကို တွေ့ရမည်ဖြစ်သည်။ တချို့အချက်တွေက ရေးသူတွေမည်သို့ တွေးပြီးရေးသည်မသိ၊ လက်တွေ့နှင့် ကင်းကွာလွန်းလှသည်။

ဥပမာ NNER နှင့် ပညာရေးဥပဒေကို ဆန့်ကျင်သည့် လှုပ်ရှားမှုကို ခေါင်းဆောင်နေသည့် ကျောင်းသားများ၏ ပြင်ဆင်ချက်ဥပဒေအရ ကျောင်းအားလုံးတွင် ကျောင်းသားသမဂ္ဂရှိရမည် ဖြစ်သည်။ ရုတ်တရက်ဖတ်လိုက်လျှင် ဟုတ်သလိုလိုထင်ရသည်။ သို့သော် ပညာရေးဥပဒေက ကျောင်းများကို အဓိပ္ပာယ်ဖွင့်ဆိုထားရာတွင် ကျောင်းဆိုသည်မှာ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးအတွက် သင်ကြားသင်ယူသည့်ဌာနဟု ဖော်ပြထားသည်။ ထို့ကြောင့် မူကြိုကျောင်းမှစပြီး ကျောင်းသားသမဂ္ဂ မဖြစ်မနေဖွဲ့ရမည့်အခြေအနေတွင် ရှိနေပေသည်။ ဤအချက်မှာ လက်တွေ့ကျ/မကျ၊ အများရယ်စရာဖြစ်/မဖြစ် ရေးဆွဲသူများ သတိပြုမိဟန် မရှိပေ။

ထို့အတူ မူလအမျိုးသားပညာရေးဥပဒေတွင် ထူးခြားသည့်သဘာဝရှိသည့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ဖွင့်ထားသည့် ကျောင်းများကို ပညာရေးဥပဒေအရ စီမံခန့်ခွဲမှုမှကင်းလွတ်ခွင့်ပေးထားခြင်းကိုလည်း ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် ပရိယတ္တိတက္ကသိုလ်များ၊ ခရစ်ယာန်ကျမ်းစာသင်ကျောင်းများ၊ အခြားဘာသာများ၏ ဘာသာရေးသင်တန်းကျောင်းများမှာလည်း ကျောင်းသားသမဂ္ဂများ ဖွဲ့ရတော့မည်လားဟု မေးခွန်းထုတ်ရပါတော့မည်။

အလားတူပင် NNER နှင့် ပညာရေးဥပဒေကို ဆန့်ကျင်သည့် လှုပ်ရှားမှုကို ခေါင်းဆောင်နေသော ကျောင်းသားများ၏ ပညာရေးဝန်ကြီးဌာနအပေါ် ထားရှိသည့် မကျေလည်မှုကို အခြားပုဒ်မများတွင်လည်း တွေ့နိုင်သည်။ ယခုတင်ထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် လေ့လာလျှင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအားလုံးတွင် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များပါဝင်သည်။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင်လည်း ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍပါဝင်သည်။ ကျောင်းသားသမဂ္ဂကလက်ခံသည့် ကိုယ်စားလှယ်ငါးဦး၊ လွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်သည့် ကိုယ်စားလှယ်နှစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သည့် ကိုယ်စားလှယ်နှစ်ဦးဖြင့် အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီကို ဖွဲ့မည်ဟုဆိုရာတွင် ကျောင်းသားသမဂ္ဂက လက်ခံသည်ဆိုသည့် စကားရပ်၏ ကျယ်ပြောလှသော အနက်အဓိပ္ပာယ်ကို စဉ်းစားကြည့်လျှင် စိုးရိမ်စရာကောင်းလှသည်။

တစ်နိုင်ငံလုံးရှိ ကျောင်းများ( ယခုဥပဒေကြမ်းအရဆိုလျှင် မူကြိုမှ သာသနာရေးဆိုင်ရာတက္ကသိုလ်အထိဟုနားလည်သည်။)က ထောင်သောင်းချီသည့် သမဂ္ဂတွေက မည်ကဲ့သို့စနစ်နှင့်မည်သို့ရွေးမည်လဲ။ သင်ကြားခံရမည့် ကျောင်းသားက ကိုယ်သင်ရမည့်သင်ရိုးညွှန်းတမ်းကို ရေးဆွဲမည့်သူကို ရွေးချယ်ပေးတဲ့စနစ် နိုင်ငံတကာမှာပါ ကျင့်သုံးမှုများရှိသလား။ လေ့လာရန်လိုပါမည်။ မိမိလက်လှမ်းမီသမျှ မတွေ့မိပါ။ ထို့အတူ ယခုပြင်ဆင်သည့် ဥပဒေကြမ်းမှာကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆရာ၊ ဆရာမများခန့်ထားရာတွင်လည်း ကျောင်းသားသမဂ္ဂက ပါဝင်နေပြန်သည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို အကဲဖြတ်ခြင်း၊ရာထူးတိုးခြင်းများတွင်လည်း ပါဝင်နေပြန်သည်။ ထိုအချက်များကိုလည်း လက်တွေ့ကျ၊ မကျ အားလုံးဝိုင်းစဉ်းစားသင့်ပါသည်။

လက်ရှိအခြေခံကျောင်းများ၊ တက္ကသိုလ်ကောလိပ်များသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရပ်တည်နေသောကျောင်းများဖြစ်ပါသည်။ ဆရာ၊ ဆရာမများက နိုင်ငံဝန်ထမ်းများဖြစ်ပါသည်။ ထိုဝန်ထမ်းများခန့်ထားမှု၊ ရာထူးတိုးမြှင့်ပေးမှုများကို နိုင်ငံ့ဝန်ထမ်းဥပဒေအရသာ ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ ကျောင်းများက အစိုးရအထောက်အပံ့မယူဘဲ မိမိဘာသာ ရပ်တည်နိုင်မည်သို့မဟုတ် ပုဂ္ဂလိကပိုင်အဖြစ် ရပ်တည်နေနိုင်သည်ဟု ဆိုခဲ့ပါလျှင် NNER နှင့် သပိတ်မှောက်ကျောင်းသားများဖြစ်ချင်သည့်အတိုင်း ဖြစ်ကောင်းဖြစ်နိုင်ပါမည်။ သို့သော် ယနေ့တက္ကသိုလ် ဘယ်နှခု၊ အခြေခံကျောင်းဘယ်နှကျောင်းက အလှူငွေ၊ သုတေသနလုပ်ငန်းများမှရရှိငွေဖြင့် ရပ်တည်နေနိုင်သည်ဆိုတာကို စဉ်းစားရန်လိုပါသည်။

မိမိကိုယ်တိုင်လည်း တက္ကသိုလ်ကျောင်းသားဖြစ်ခဲ့ပြီး၊ တက္ကသိုလ်ကျောင်းသား၏ မိဘလည်းဖြစ်နေသဖြင့် ယနေ့ပညာရေးစနစ်သည် ပြုပြင်ရန်လိုအပ်နေသည်ကို ယုံကြည်ပါသည်။ ထိုသို့ ပြင်ဆင်ခြင်းသည် အရည်အသွေးမြင့်မားရန်၊ မြို့ပြနှင့် ကျေးလက်အကြား ပညာရေးအဆင့်အတန်းကွာခြားမှုကို လျှော့ချနိုင်ရန်၊ တက္ကသိုလ်များတွင် သင်ကြားရေးကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်ရန်အတွက်သာ ဖြစ်ရပါမည်။ မူလအမျိုးသားပညာရေးဥပဒေသည် အထက်ပါရည်ရွယ်ချက်များအတွက် ရေးဆွဲထားခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ ပညာရေးလောကမှ ဆရာ၊ဆရာမကြီးများ၏ ရှင်းလင်းချက်များအရလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်များတွင် ၊ ရန်ကုန်စိန်ရတုခန်းမတွင်၊ နေပြည်တော်တွင် ဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ NNER မှ ဒေါက်တာသိန်းလွင်တို့လည်း ပါသည်ဟုဆိုသည်။ သို့သော် မည်သည့်အရာမှ ပြီးပြည့်စုံမှု မရှိသည့် လောကထုံးစံအတိုင်း လွှတ်တော်က အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြီးသည့်အချိန်တွင် ဝေဖန်ထောက်ပြမှုများပေါ်လာသည်။ ထိုဝေဖန်မှုများကပင် ပညာရေးဥပဒေကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်လာရခြင်းဖြစ်သည်။

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်လိုသည့် ပုဂ္ဂိုလ်များတွင်လည်း ပညာရေးအဆင့်အတန်းမြင့်မားစေလိုသည့် စေတနာရှိသည်ဟု ယုံကြည်ပါသည်။ သို့သော် ထိုဆန္ဒနှင့် စေတနာကို အကောင်အထည်ဖော်ရာတွင် ခံစားချက်များ၊ နိုင်ငံရေးအယူအဆများက လွှမ်းမိုးမသွားရန်လိုပါသည်။ ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း မှန်မှန်ကန်ကန် နားလည်ရန်လိုပါသည်။

ကျောင်းသားသမဂ္ဂသည် တက္ကသိုလ်ကျောင်းသားများကို နိုင်ငံရေး၊ လူမှုရေး အသိပညာများ ဖွံ့ဖြိုးလာရန် ကျောင်းသားရေးရာများကို တက္ကသိုလ်ကောင်စီအပါအဝင် သင်ကြားရေး၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကို တင်ပြပေးနိုင်ရန် ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခဲ့ရာတွင် အောက်စ်ဖို့ဒ်တက္ကသိုလ်ကို နမူနာယူခဲ့သည်ဟု လေ့လာဖူးပါသည်။ ဗိုလ်ချုပ်တို့ခေတ်က နိုင်ငံရေးခေါင်းဆောင် အသီးသီးကိုဖိတ်ကြား၍ ဟောပြောပွဲများပြုလုပ်ခြင်း၊ စကားရည်လုပွဲများကျင်းပခြင်း၊ သမဂ္ဂခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံရေးအသိပညာများ ပွင့်လင်းလာရန်၊ ဒီမိုကရေစီကျင့်စဉ်များနှင့် ရင်းနှီးလာအောင် လုပ်ဆောင်ပေးခဲ့သည်ကို တွေ့နိုင်သည်။ မည်သည့်ပါတီအတွက်မှ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပါ။

ဗိုလ်ချုပ်ကိုယ်တိုင်ပင်လျှင် နိုင်ငံရေးလုပ်မည်ဟု ဆုံးဖြတ်ပြီးချိန်တွင် ကျောင်းထွက်ပြီး ဒို့ဗမာအစည်းအရုံးကိုဝင်ရောက်ခဲ့သည်ကိုတွေ့နိုင်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလနှင့် ဗကပများက ကျောင်းသားသမဂ္ဂကို အုပ်စီးနိုင်အောင် အပြန်အလှန် ကြိုးပမ်းမှုမှစ၍ ကျောင်းသားသမဂ္ဂ၏ အနှစ်သာရပျောက်ခဲ့ရခြင်းဖြစ်သည်။ ယနေ့ ကျောင်းသားလူငယ်တို့ သမဂ္ဂတန်ဖိုးကို နားလည်မှုလွဲခဲ့ရခြင်းဖြစ်သည်။

ယခု လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ တင်သွင်းလိုက်သည့် ဥပဒေကြမ်းပါ ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍကို ဖတ်ကြည့်ရာတွင်လည်းကောင်း၊ အင်တာနက်ပေါ်တွင် တွေ့နေရသည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲ၌ ကျောင်းသားကိုယ်စားလှယ်များက တစ်ဖက်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များကို လက်ညှိုးငေါက်ငေါက်ထိုးပြီး တင်းတင်းမာမာပြောနေမှုများကို မြင်ရချိန်တွင်လည်းကောင်း၊ တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ကျောင်းသားကော်မတီများက တက္ကသိုလ်ဆရာ၊ ဆရာမများကို ဖောက်ပြန်ရေးသမားများအဖြစ် ဝေဖန်တိုက်ခိုက်ခြင်းများ၊ ကျောင်းသားကော်မတီများက ချွန်ဖို့မလို၊ နီဖို့လိုတယ်ဆိုပြီး ကျောင်းဝင်ခွင့်များကို ပြင်ဆင်ခဲ့ခြင်းများ။ (ယခု ဥပဒေကြမ်းတွင်လည်း ကျောင်းသားများတက်ချင်သည့် ကျောင်းတက်ခွင့် ရရမည်ဟုပါရှိသကဲ့သို့ မူလဥပဒေပါ ထူးချွန်ကျောင်းသားများကို ပညာသင်ဆုပေးနိုင်သည့် ပြဋ္ဌာန်းချက်ကိုလည်း ပယ်ဖျက်ထားသည်။)ကို ပြန်ပြီးအမှတ်ရမိသည်။ ထိုအချိန်က တရုတ်နိုင်ငံ၏ပညာရေးစနစ် မည်သို့ဖြစ်သွားသည်ကို လေ့လာနိုင်ပါသည်။ တိန့်ရှောင်ဖိန်အာဏာရလာပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရချိန်တွင် လက်ဝဲစွန်းသမားများ၏ ကျောင်းကော်မတီများကို ဖယ်ရှားပြီး အရည်အသွေးမြင့်မားရေးကို အများကြီးပြန်လုပ်ခဲ့ရသည်။

ကျောင်းသားသမဂ္ဂသည် ကျောင်းသားများ၏ ပညာရည်ဖွံ့ဖြိုးမှုတွင်အရေးကြီးသည်၊ ကျောင်းသားသမဂ္ဂတစ်ခေတ်ဆန်းစေချင်သည်ဆိုလျှင် အစိုးရဘက်ကလည်း သမဂ္ဂဆိုသည့် စကားလုံးကို မကြောက်ဖို့လိုသည်။ ကျောင်းသားများဘက်ကလည်း သမဂ္ဂဟူသည် ကွန်မြူနစ်အယူအဆမဟုတ်သည်ကို နားလည်ဖို့လိုသည်။ ကွန်မြူနစ်များက တခြားနိုင်ငံက အစိုးရတွေကို တိုက်ခိုက်ရန်အတွက်သာ သမဂ္ဂဆိုသည့်စကားကိုသုံးပြီး ကျောင်းသားများကို ခုတုံးလုပ်နေခြင်းဖြစ်သည်။ မည်သည့် ကွန်မြူနစ်နိုင်ငံက တက္ကသိုလ်မှာမှ လွတ်လပ်သော ကျောင်းသားသမဂ္ဂမရှိပါ။ ပါတီက ချုပ်ကိုင်ထားသော ကျောင်းသားအဖွဲ့အစည်းသာရှိသည်။ သို့သော် ယနေ့ ကျောင်းသား သမဂ္ဂသမိုင်းကို တွင်တွင်ပြောနေသူများကို ကြည့်လျှင် ကွန်မြူနစ်ဟောင်းများ၊သူတို့ မျိုးဆက်များသာဖြစ်သည်ကိုတွေ့ရပါမည်။ သူတို့ကို တရုတ်နိုင်ငံက တက္ကသိုလ်များတွင် လွတ်လပ်သောသမဂ္ဂ ရှိသလားဟု ကြုံရင်မေးကြည့်ကြပါ။

သို့ဖြစ်၍ ကျောင်းသားသမဂ္ဂသည် ဒီမိုကရေစီရေခံမြေခံတွင်သာ ဖွံ့ဖြိုးသည့်အရာဖြစ်သည်။ ယခုအခါ အစိုးရ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ ရလဒ်အဖြစ် ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးကို ပြောနိုင်၊ တောင်းဆိုနိုင်ကြခြင်းဖြစ်သည်။ ထိုစကားလုံးကို စိုးရိမ်သည့် အစိုးရပင်လျှင် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ကျောင်းသားသမဂ္ဂဆိုသော စကားလုံးကိုလက်ခံလာပြီဖြစ်သည်။

ထို့ကြောင့် အမျိုးသားပညာရေးဥပဒေတွင် စစ်မှန်သောကျောင်းသားသမဂ္ဂ ပေါ်ပေါက်ရေးအတွက် အစွန်းနှစ်ဖက်ကိုရှောင်ရှားပြီး ပြင်သင့်သည်များကို ပြင်စေလိုပါသည်။ ထို့နောက်တွင်မူ အမှန်တကယ် ကျောင်းတက်နေသော ကျောင်းသားများပါဝင်သည့်၊ ကျောင်းသားများကို အမှန်တကယ် ကိုယ်စားပြုသည့် ကျောင်းသားသမဂ္ဂများပေါ်ပေါက်ရန်အတွက် ကျောင်းသားထုကြီးတစ်ရပ်လုံးက ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။

ပြည်တွင်းသတင်း

# သာသနာတော်အရေးသုံးပါးတို့ကိုဆောင်ရွက်တော်မူကြရာ၌ သတိတရားလက်ကိုင်ထား၍ အမှားအယွင်းကင်းနိုင်သမျှကင်းအောင် အင်တိုက်အားတိုက်ဆောင်ရွက်

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ (၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ (၂၂-၂-၂၀၁၅)တနင်္ဂနွေနေ့)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ သာသနာတော်ရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာတွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်းဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်၍ သာသနာရေးကိစ္စတို့အတွက် ရဟန်းရှင်လူပြည်သူအများတို့ အားကိုးအားထားပြုရသော အဖွဲ့အစည်းကြီးဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့သည်-

၁။ ခမာ = အရာရာ၌သည်းခံခြင်းဂုဏ်
၂။ ဇာဂရိယ = နိုးကြားခြင်းဂုဏ်
၃။ ဥဋ္ဌာန = ထကြွလုံ့လဝီရိယရှိခြင်းဂုဏ်
၄။ သံဝိဘာဂ = ခွဲခြမ်းဝေဖန်ခြင်းဂုဏ်
၅။ ဒယာ = သနားငဲ့ညှာ ကရုဏာရှိခြင်းဂုဏ်
၆။ ဣက္ခဏာ = စေ့စေ့ငုငုကြည့်ရှုဆင်ခြင်ခြင်းဂုဏ်

ဟူသော နာယကဂုဏ် (၆)ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များ ချည်းသာဖြစ်ကြရမည်ကို ဆရာတော် အရှင်မြတ်တို့ကိုယ်တော်တိုင် သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ဤနာယကဂုဏ်ခြောက်ပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော စေ့စေ့ငုငုကြည့်ရှုခြင်းဟူသော "ဣက္ခဏာ" ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ်အဝဝဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူးအထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့်၊ ပြည့်စုံစေအပ် ပြည့်စုံစေသင့်ပါသည်ဘုရား။

အဘယ့်ကြောင့်ဆိုသော် အကြီးအမှူး၊ ဦးစီးပဓာနဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့အကြီးအမှူးပြုရာ နယ်ပယ်အတွင်း အကြောင်းအရာဝတ္ထုအစုစုတို့ကို တစ်ခုမကျန်ဝေဖန်ပိုင်းခြား ပြတ်သားစွာသိမြင်အောင် ကြည့်ရှုပြီးမှသာ ပဂ္ဂဟ၊ နိဂ္ဂဟ ကိစ္စကြီးငယ်အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ပါက ချို့ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် ပရူပဝါဒကင်းဝေး၍ လိုအပ်သောအကျိုးပြည့်ဖြိုးအောင်နိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

အိမ်၌အကြီးအမှူး ဦးစီးပဓာနဖြစ်သူသည် အိမ်နှင့်စပ်သမျှကိုလည်းကောင်း၊ ကျေးရွာ၌အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ကျေးရွာနှင့်စပ်သမျှကိုလည်းကောင်း၊ မြို့နယ်၌အကြီးအမှူး ဦးစီးပဓာနဖြစ်သူသည် မြို့နယ်နှင့်စပ်သမျှကို လည်းကောင်း၊ ခရိုင်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ခရိုင်နှင့်စပ်သမျှကိုလည်းကောင်း၊ သာသနာတော်၌ အကြီးအမှူး ဦးစီးပဓာနဖြစ်သူသည် သာသနာတော်နှင့်စပ်သမျှကိုလည်းကောင်း၊ ပိုင်းပိုင်းခြားခြား၊ ပြတ်ပြတ်သားသားထင်ရှားသိမြင်အောင် စေ့စပ်သေချာစွာ စုံစုံစမ်းစမ်းကြည့်ရှုဆင်ခြင်ပြီးမှ ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်းမှုမရှိ တိကျမှန်ကန်သဖြင့် ပရူပဝါဒကင်းဝေး၍ လိုအပ်သောအကျိုးများ ပြီးစီးအောင်မြင်နိုင်ပါသည်ဘုရား။

ထိုသို့မဟုတ် တစ်နားကြား၊ တစ်ယောက်ကြား၊ ထင်မြင်ရာသဘောဖြင့် ကသောကမျော ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်း မှန်ကန်ခြင်းမရှိသဖြင့် ပရူပဝါဒဖြစ်၍ လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်မှုမရှိဘဲ ဖောက်လွဲပျက်စီး အချည်းနှီးဖြစ်တတ်ပါသည်ဘုရား။

ထို့ကြောင့် ပိုင်းပိုင်းခြားခြား၊ ပြတ်ပြတ်သားသား သိမြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းဟူသော "ဣက္ခဏာ" ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ်အဝဝဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့်၊ ပြည့်စုံစေအပ်၊ ပြည့်စုံစေသင့်သည်ဟု လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ရှေးပညာရှိများက-

"**အမြင်ရှိသူ၊ တောင်ထိပ်လူလျှင်၊ အောက်မူရှိငြား၊ အစားစားကို၊ ပိုင်းခြားဝေဖန်၊ သိသောဟန်သို့၊ တဆံမခြား၊ ကြီးမှူးများလည်း၊ ခြောက်ပါးတွင်ပါ၊ ဣက္ခဏာဖြင့်၊ သေချာစေ့ငု၊ ကသိုဏ်းရှုသို့၊ ပြုတို့ပြီးမှ၊ နိဂ္ဂဟနှင့် ပဂ္ဂဟစစ္စာ၊ ပြုလုပ်ရာ၏၊ သူငါပြောတိုင်း မဆုတ် မဆိုင်းဘဲ၊ မနှိုင်းမယှဉ်၊ ပြုတုံချင်က၊ မမြင်အကျိုး၊ အပြစ်မိုးလိမ့်**"ဟု မိန့်ဆိုတော်မူကြပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ၏ ပြင်ဆင်ချက်များနှင့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးသို့ တင်သွင်းခဲ့သော အဆိုကိုးမျိုး၏ ဆောင်ရွက်ဖွယ်ရာကိစ္စများကို ဤအစည်းအဝေးကတစ်ဆင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ တင်ပြရမည်ဖြစ်ရာ တပည့်တော်လျှောက်ထားခဲ့သော ဣက္ခဏာဂုဏ်အင်္ဂါပြည့်စုံစေလျက် ဆောင်ရွက်တော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ- "**သတိံ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ**"ဟူသော မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ အဂ္ဂိသုတ်ဒေသနာတော်နှင့် "**သတိံ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမီတိ လောဏဓူပနံ ဝိယ သဗ္ဗကာမိကာမစ္စဝိယစ သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗံ ဝဒါမီတိ အတ္ထော**"ဟူသော ယခင် အဂ္ဂိသုတ်ဒေသနာတော်၏ အဖွင့်အဋ္ဌကထာ အဆိုအမိန့်နှင့်အညီ အားလုံးသော ဟင်းကောင်းဟင်းလျာဟူသမျှတို့၌ ဆား၊ ကရဝေး၊ ဇီရာ၊ မဆလာစသော အမွှေးအထုံကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ အလုံးစုံသော မင်းမှုကိစ္စ၊ တိုင်းပြည်အရေးဟူသမျှတို့၌ အမှုကိစ္စခပ်သိမ်းဝယ် ကျွမ်းကျင်သော အမတ်ကို အလိုရှိအပ်သကဲ့သို့ လည်းကောင်း၊ ထို့အတူပင် အမှုကိစ္စခပ်သိမ်းတို့၌ သတိကို အလိုရှိအပ်ပါသည်။ ကိစ္စအားလုံးကို သတိဖြင့်ပြီးစေနိုင်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမင်းတို့ကလည်း သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက်ထောက်ပံ့နေသည့်အပြင် ပြည်သူပြည်သား ဒကာ ဒကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက်ထောက်ပံ့နေသည့် ဤအချိန်ကောင်း၊ အခါကောင်းဝယ် နိုင်ငံတော် သံဃမဟာနာယကဆရာတော်များသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာတော် အရေးသုံးပါးတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရား လက်ကိုင်ထား၍ အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်မြတ်တို့ဘုရား။

**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သာသနာရေးမှူးများနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်းများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သြဝါဒကထာကို မြွက်ကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ) ကတင်သွင်းလျှောက်ထားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ တင်ပြလာသည့် သာသနာရေးရာနှင့် ဝိနစ္ဆယရေးရာများ၊ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် သာသနာရေးဆိုင်ရာ တင်ပြချက်များ၊ ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ် ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်တော်မူကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။



ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်သည့် အလှူရှင်များမှာ အကြိုညှိနှိုင်း (ပထမနေ့)တွင် ရွှေသံလွင်ကုမ္ပဏီ မိသားစု၊ အကြိုညှိနှိုင်း(ဒုတိယနေ့)တွင် မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)(ငြိမ်း) ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစု၊ အကြိုညှိနှိုင်း (တတိယနေ့)တွင် ရွှေသံလွင်ကုမ္ပဏီ မိသားစု၊ အကြိုညှိနှိုင်း (စတုတ္ထနေ့)တွင် ဦးမောင်မောင်(၇)ဇနီး ဒေါ်ခင်ခင်မြင့် မိသားစု၊ ဦးစိန်ရ(ဝန်ကြီး-ငြိမ်း)ဇနီး ဒေါ်အေးအေးစိုး မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း(ငြိမ်း) ဇနီးဒေါ်ခင်သန်းမြင့် မိသားစု၊ ဦးမိုးသွင်ဇနီးဒေါ်နုနုရီမိသားစု၊ ဒေါက်တာနေဇင်လတ်ဇနီး ဒေါ်ခင်စန်းမိသားစု၊ ဒေါက်တာခွန်ကျော်အောင် ဇနီး ဒေါ်တင်လွမ် မိသားစု၊ ဦးရဲဝင်း ဇနီး ဒေါ်ယဉ်နွဲ့ မိသားစုတို့ကလည်းကောင်း၊ အစည်းအဝေး (ပထမနေ့)တွင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး(ငြိမ်း) ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း) ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေ စည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို) ဇနီး ဒေါ်ခင်လေးမြင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း) ဇနီး (ဒေါ်စမ်းစမ်းရီ)မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)ဇနီး ဒေါ်ခင်နှင်းဝေ မိသားစု၊ မဟာသရေစည်သူ ဗိုလ်ချုပ်တင်ဌေး(ငြိမ်း)ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစု၊မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့ကလည်းကောင်း ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# သိမ်ကိုးသိမ် မဟာပဌာန်းပွဲ ကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် သိမ်ကြီးကိုးသိမ်ဖြစ်သော မိတ္ထီလာမြို့နယ် ဆည်ကုန်းရွာမှ ပဲသီတာသိမ်၊ အိုမတွေ့ရွာမှ ကတ္တူကန်သိမ်၊ ဝက်ကျောက်ရွာမှ ဝက်ကျောက်သိမ်၊ ရှင်မြို့ရွာမှ ရှင်ပင်ကူသိမ်၊ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်မှ ထီးသုံးဆင့်သိမ်၊ ညောင်ဇောက်ရွာမှ သားဖန်းသိမ်၊ ကျောင်းရွာမှ ကလိန်ခြေသိမ်၊ သာစည်မြို့နယ် ဘူးရုံရွာမှ ကူဖြူသိမ်၊ ကုန်းတောင်းရွာမှ ကုန်းတောင်းသိမ်တို့၌ အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများဖြင့် လှူဒါန်းခြင်း၊ ၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့၊ ၂၀၁၅ ခုနှစ် မတ် ၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် မိတ္ထီလာမြို့မှ သိမ်ကိုးသိမ်တို့၌ ဓမ္မပူဇာသဘင် ကျင်းပခြင်းများကို နှစ်စဉ်အစဉ်အလာ မပျက်နဝမအကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းပြည်ပမှ စေတနာရှင် ပြည်သူအပေါင်း မွန်မြတ်သောစိတ်ထားဖြင့် လှူဒါန်းပူဇော်နိုင်ကြပါရန် သိမ်ကိုးသိမ်အသံမစဲ မဟာပဌာန်းပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

**(၀၀၆)**

ဆောင်းပါး

# ကျွန်တော်နဲ့ ဘာလီ

ပါမောက္ခ
ဒေါက်တာ အောင်ထွန်းသက်

လွန်ခဲ့တဲ့ နှစ်လလောက်က ဒေါ်ခိုင်ခိုင်နွယ်က "ဆရာ၊ အာဆီယံအဖွဲ့အစည်းက ဘာလီမှာ စီးပွားရေးနဲ့ လူ့အခွင့်အရေးဒေသဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ရှိတယ်။ ဆရာ့ကို ဖိတ်ချင်တယ်"လို့ ပြောလာပါတယ်။ ဒါနဲ့ ကျွန်တော်ကလည်း တက်မယ်လို့ ကတိပြုခဲ့တယ်။ အခုလို ပြောပြီးဆွေးနွေးပွဲနဲ့ သက်ဆိုင်တဲ့ ပြင်ဆင်မှုတွေကို လုပ်ရပြန်တယ်။ ကျွန်တော်လာမယ်သိတာမို့ ဆွေးနွေးပွဲစီစဉ်သူတွေက ပြုစုရမယ့် စာတမ်းခေါင်းစဉ်တွေ ပေးပို့ပါတယ်။ ဒါတွေကို ကျွန်တော်ကအချိန်ယူပြီး ပြင်ဆင်ရပါတယ်။ အမှန်တော့ ကျွန်တော်ဟာ အာဆီယံနဲ့ သိပ်မရင်းနှီးပါဘူး။ ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူခဲ့တာမို့ ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ အာဆီယံနဲ့ သိပ်မပတ်သက်ဘူး။ မနှစ်ကတော့ သံအမတ်ကြီး ဦးကျော်တင့်ဆွေ ဖိတ်ကြားခဲ့တာမို့ စင်ကာပူနိုင်ငံက ကျင်းပတဲ့ စီအက်စ်အာ (CSR) အစည်းအဝေးတစ်ခုမှာ စာတမ်းတစ်ခုတင်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ မြန်မာနိုင်ငံက ကိုယ်စားလှယ်များလည်း ပါဝင်တယ်။ အာဆီယံ အစည်းအဝေးတွေရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ကျွန်တော် နည်းနည်းစိမ်းပါတယ်။ ယဉ်ကျေးမှုက တစ်မျိုး၊ တစ်ဦးနဲ့တစ်ဦး သက်သက်ညှာညှာ ပြောကြဆိုကြတယ်။ ယဉ်ကျေးတယ်။ ပုံစံကျတယ်။ ကျွန်တော်က အပြန်အလှန် ငြင်းတာခုံတာကို နှစ်သက်တဲ့သူ၊ ဒါကြောင့်လည်း အစည်းအဝေးတုန်းက ကျွန်တော့်ရင်ထဲရှိတဲ့ စကားတွေထုတ်ဖော်ခဲ့တယ်။ အံ့ဩစရာကောင်းတာက ကျွန်တော်ပြောတာကို ကြိုဆိုကြတဲ့သူတွေက အများကြီးဖြစ်နေတဲ့ကိစ္စ၊ ကျွန်တော်ပြောပြီးတဲ့အခါ ကိုယ်စားလှယ်များက လာရောက်ပြီး အခုလို ပွင့်လင်းမြင်သာမှုရှိတာကို ကြိုဆိုတဲ့အကြောင်း လာပြီးအားပေးကြပါတယ်။ တစ်ခါတလေ ခေါက်ရိုးကျိုးနေတာကို သတ္တိရှိရှိ ပြောရဲဆိုရဲရှိရင်လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်နိုင်ပါတယ်။ ဘာလီက အင်ဒိုနီးရှားနိုင်ငံရဲ့ ကျွန်းလေးတစ်ကျွန်း၊ ဒါပေမယ့် တစ်ကမ္ဘာလုံးက သိကြတယ်။ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်တွေက သန်းနဲ့ချီလာကြတယ်။ တစ်ကမ္ဘာလုံးရဲ့ စီးပွားရေးအခြေခံက ကမ္ဘာလှည့်ခရီးသည်ကို ဧည့်ခံကြရမယ်ဆိုတဲ့ လုပ်ငန်းပဲဖြစ်တယ်။

ကျွန်တော် ဘာလီကိုရောက်ဖူးတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူစဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းရဲ့ အစီအစဉ်နဲ့ရောက်ခဲ့တာ။ ဒီတုန်းက အင်ဒိုနီးရှားနိုင်ငံမှာ အကောင်အထည်ဖော်နေတဲ့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကိုလေ့လာဖို့ ကျွန်တော်တို့ဆီမှာလည်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေဟာ အလွန်အရေးကြီးနေပါတယ်။ ဝမ်းနည်းစရာကောင်းတဲ့အချက်က ပြုပြင်ပြောင်းလဲမှုတွေကို ဆွေးနွေးကြ ကျန်းမာရေး၊ ပညာရေးအကြောင်းပြောကြဆိုကြ ငြင်းကြခုံကြလုပ်ကြပေမယ့် ကျန်းမာရေးကဏ္ဍမှာ ဆေးရုံတွေအကြောင်းသာပြောကြပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို မေ့နေကြတယ်။ ဒီလိုပဲ ပညာရေးလောကမှာလည်း အထက်တန်းပညာအကြောင်း ဆွေးနွေးနေကြပေမယ့် အခြေခံပညာရေးကိစ္စကိုတော့ သိပ်မပြောကြတာ တွေ့ရပါတယ်။

အင်ဒိုနီးရှားနဲ့ ပတ်သက်လာရင် ကျွန်တော်က ဖခင်ကိုသတိရမိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်ကျော်က ဖခင်လုပ်သူက ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးမှာ စစ်သံမှူးကြီးအဖြစ် တာဝန်ယူခဲ့တယ်။ သူ့ရဲ့တာဝန်က ထိုင်းနိုင်ငံမှာသာမက တောင်ဗီယက်နမ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံမှာလည်း တာဝန်ကျခဲ့တယ်။ အင်ဒိုနီးရှားက ပြန်လာပြီး ဖခင်ဝယ်လာတဲ့ ပန်းချီကားတွေကို အခုအချိန်အထိ သတိရမိသေးတယ်။

> **ဘာလီက အင်ဒိုနီးရှားနိုင်ငံရဲ့ ကျွန်းလေး တစ်ကျွန်း ဒါပေမယ့် တစ်ကမ္ဘာလုံးက သိကြတယ်။ အထူးသဖြင့် ကမ္ဘာလှည့် ခရီးသည်တွေက သန်းနဲ့ချီလာကြတယ်။**

ကျွန်တော်နဲ့အတူ ဘာလီကို မြန်မာပြည်က ၁၀ ဦးပါတယ်။ ရန်ကုန်က စင်ကာပူ၊ စင်ကာပူက ဘာလီကို လေယာဉ်နဲ့သွားခဲ့တာ၊ နံနက် ၁၀ နာရီ ရန်ကုန်က ထွက်ပြီး ဘာလီကို ရောက်တော့ ည ၈ နာရီကျော်ပြီ။ ရောက်ရောက်ချင်း အခန်းမှာ ပစ္စည်းတွေချပြီး ညစာစားဖို့ လမ်းလျှောက်ပြီး သွားကြတယ်။ ဘာလီလေယာဉ်ကွင်းမှာ ရယ်စရာအဖြစ်တစ်ခုနဲ့ ကြုံရတယ်။ ဟိုတယ်က လာကြိုတယ်။ ကျွန်တော်တို့အဖွဲ့က ၁၀ ယောက်။ အငှားယာဉ်ငှားတဲ့အခါ လာကြိုတဲ့သူက တစ်ဦးကို ကားတစ်စီးစီစဉ်ထားတယ်လို့ ပြောတယ်။ အံ့ဩသွားတာပဲ။ အဓိပ္ပာယ်မရှိလိုက်တဲ့အစီအစဉ်။ ထုံးစံအတိုင်း ကျွန်တော်က မနေနိုင်လို့ ကား ၁၀ စီးမလိုဘူး။ အများဆုံး လေးစီးပဲလိုတယ်လို့ပြောပြီး မရမကဈေးဆစ်ခဲ့ရတယ်။ နေရာတိုင်း ဒီလိုပါပဲလို့ မှတ်ချက်ချမိတယ်။

ကျွန်တော်တို့ ရောက်တဲ့ညက လပြည့်နေ့မို့ ဘာလီကျွန်းမှာ လပြည့်နေ့ကြိုဆိုပွဲတွေ အကြီးအကျယ် ကျင်းပကြတယ်။ လကို ရှုတဲ့ပွဲတော်။ နောက်တစ်နေ့ နံနက်မှာ အကြိုစည်းအဝေးပွဲလုပ်တယ်။ ခေါင်းစဉ်က "စီးပွားရေးလုပ်ငန်းနဲ့ လူ့အခွင့်အရေး"၊ ဖွင့်ပွဲပြီး ကျွန်တော်နဲ့အတူ ကျန်သုံးဦးက ဦးဆောင် ဆွေးနွေးကြတယ်။ ကျွန်တော်ကလည်း ပြင်ဆင်ထားတဲ့အတိုင်း တင်ပြခဲ့တယ်။ နေ့လယ်ပိုင်းမှာ ကျွန်တော်တို့အဖွဲ့ အားနေတာမို့ ဘာလီကျွန်းကို လျှောက်လည်ကြတယ်။ လမ်းတွေက သိပ်ကောင်းတာ၊ ကျဉ်းပေမယ့် ခရီးက သွက်တယ်။ ယာဉ်မောင်းသူတွေကလည်း စည်းကမ်းရှိကြတယ်။ ဘယ်နေရာသွားသွား ရုပ်တုတွေ မြင်ရတယ်။ ဘာလီကျွန်းရဲ့ ထူးခြားချက်က တစ်ကျွန်းလုံးမှာ နေထိုင်ကြသူတွေက ဟိန္ဒူလူမျိုးတွေဖြစ်ကြတယ်။ စာဖတ်သူတွေ သိကြတဲ့အတိုင်း အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာပေါ်မှာ အစ္စလာမ်ဘာသာဝင်အများဆုံးရှိတဲ့ နိုင်ငံဖြစ်တယ်။ အခုလို အစ္စလာမ်နိုင်ငံလို့ သတ်မှတ်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံမှာ ဘာလီကျွန်းက ဟိန္ဒူလူမျိုးတွေ။ ဟိန္ဒူယဉ်ကျေးမှုကို နေရာအနှံ့မှာ တွေ့ရနိုင်တယ်။ ထူးခြားချက်က စားသောက်ဆိုင်တွေမှာ ဝက်ကလေးကင်ကို ရောင်းချနေတာ တွေ့ရတယ်။ အစ္စလာမ်နိုင်ငံမှာ အခုလို ဝက်သားရောင်းချစားသောက်နေတာက ထူးခြားချက်တစ်ရပ်ပဲ။ အရက်ကိုလည်း ပွင့်ပွင့်လင်းလင်းရောင်းချတာ တွေ့ရတယ်။ နောက်တစ်နေ့မနက်မှာ အစည်းအဝေးပွဲ စတင်ခဲ့ပါတယ်။ အစက အင်ဒိုနီးရှားနိုင်ငံက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဖွင့်လှစ်ဖို့။ သူက မကြာသေးမီက ရွေးကောက်ပွဲအောင်နိုင်ပြီး သမ္မတဖြစ်လာတဲ့သူ၊ နေထိုင်မှု ထူးခြားချက်ရှိသူ။ သားဖြစ်သူ ဘွဲ့ယူတဲ့ အခမ်းအနားကို စင်ကာပူနိုင်ငံသွားတဲ့အခါ သာမန်ခရီးသည်တစ်ဦးအနေနဲ့ လေယာဉ်ပျံကြီး စီးသွားခဲ့တယ်။ ကိုယ်တိုင် ဂီတာတီးပြီး ပြည်သူတွေကို ဧည့်ခံတဲ့ပုံတွေလည်းတွေ့မြင်ရတယ်။ အစည်းအဝေးပိတ်ပွဲ အခမ်းအနားမှာ ကျွန်တော့်ကို မိန့်ခွန်းပြောပေးဖို့ စီစဉ်သူတွေက တောင်းခံလာတာမို့ ကျွန်တော်က မြန်မာပြည်မှာ ဆောင်ရွက်နေတဲ့ ပြုပြင်မှုတွေအကြောင်း တင်ပြခဲ့ပါတယ်။ မြန်မာပြည်မှာ စိန်ခေါ်မှုတစ်ရပ်ရှိပါတယ်။ ပထမအချက်ကတော့ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဟာ ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးအောင် အားပေးဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍရဲ့ အရေးပါမှုကို အသိအမှတ်ပြုလာတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စွမ်းကို တိုးမြှင့်ဖို့ ပထမလိုအပ်နေတယ်။ စီးပွားရေးလုပ်ငန်းများကို ကောင်းမွန်သော စီမံအုပ်ချုပ်မှု ကျင့်သုံးအောင် ကြိုးစားဖို့ လိုတယ်။ ဒုတိယစိန်ခေါ်မှုက လူ့အခွင့်အရေးပဲဖြစ်တယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ နိုင်ငံမှာ ပွင့်လင်းမြင်သာမှုများစွာရှိလာပါတယ်။ အရင်တုန်းက သုံးခွင့်မရတဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေကို သုံးခွင့်ရလာခဲ့တယ်။ ဒီစိန်ခေါ်မှုနှစ်ရပ်ကို ပေါင်းစပ်ပေးဖို့ အခြေခံလိုအပ်ချက်က လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ရေးဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံနိုင်ငံတွေအနက် ရှေ့ဆောင်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်နိုင်ဖို့ နိုင်ငံတော်က ပုံစံအမျိုးမျိုးနဲ့ဆောင်ရွက်ခဲ့တယ်။ အထူးခြားဆုံးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို သုံးသပ်စိစစ်တဲ့နေရာ၊ လူမှုရေးတာဝန်ကျေပွန်မှုပေတံသုံးပြီး ဆန်းစစ်နေတာဖြစ်တယ်။ နိုင်ငံခြားကုမ္ပဏီတွေဟာ တစ်နှစ်အသားတင်အမြတ်ရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းကို လူမှုရေးတာဝန်လုပ်ငန်းများအတွက် အသုံးချဖို့ ကတိပြုရပါတယ်။ ပေးတဲ့ကတိတည်မတည်ကိုလည်း ဆန်းစစ်ချက်တွေ လုပ်ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများကို ကုလသမဂ္ဂအဖွဲ့အစည်းက တည်ထောင်ထားတဲ့ UN Global Compact အဖွဲ့ဝင်အဖြစ် လျှောက်ထားဖို့ အကြံပြုပါတယ်။ ဒီအစီအစဉ်တွေဟာ ကျန်ရှိတဲ့ အာဆီယံနိုင်ငံတွေမှာ လုပ်နိုင်စွမ်းမရှိသေးတာ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဂုဏ်ယူရမယ့်ကိစ္စတစ်ရပ်သာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ အကောင်းတွေပြောရင် လူတွေက သိပ်လက်မခံချင်ပြီး မကောင်းပြောရင်တော့ လက်ခုပ်လက်ဝါးတီးလိုကြတယ်။ ဝမ်းနည်းစရာကိစ္စတစ်ခုဖြစ်ပါတယ်။

## ရန်ကုန်မြို့တော်ဓာတ်အားပေးရေးအဖွဲ့ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းဖွဲ့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် ဓာတ်အားပေးရေးအဖွဲ့ (YESB) ကို လာမည့် ဧပြီ ၁ ရက်မှစ၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) အဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဟု သိရသည်။

"ကော်ပိုရေးရှင်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းသွားတော့မယ်ဆိုသော်လည်း ပိုင်ဆိုင်မှုကတော့ နိုင်ငံတော်အစိုးရက ၁၀၀ ရာခိုင်နှုန်းပိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိက မပါသေးပါဘူး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မယ့် သဘောပါ။ အရင်ကလည်း ဒီလိုလုပ်ဖူးပါတယ်" ဟု လက်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လပ်က ပြောသည်။

လာမည့် ဧပြီ ၁ ရက်မှစတင်ပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဟု အမည်ပြောင်းလဲဖွဲ့စည်းပြီး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ထမ်းရေးရာမှအစ၊ စနစ်ကြီးတစ်ခုလုံးတိုးတက်အောင် ဆောင်ရွက်သွားရန် စီစဉ်ထားသည်ဟု သိရပြီး ဝန်ထမ်းများ လစာပေးခြင်း၊ ဓာတ်အားစနစ်များပြုပြင်ခြင်း၊ ဓာတ်တိုင်နှင့် ဓာတ်ကြိုးများလဲလှယ်ခြင်း၊ ဓာတ်အားပေးစက်ရုံများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းစသည့် လုပ်ငန်းများအားလုံးကို နိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဘတ်ဂျက်ငွေများဖြင့် သုံးစွဲခြင်းမပြုတော့ဘဲ ကော်ပိုရေးရှင်း၏ ရန်ပုံငွေနှင့်သာ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။


"ဝန်ထမ်းပိုင်းမှာ ဘာမှအပြောင်းအလဲမရှိပါဘူး၊ ပြည်သူ့ဝန်ထမ်း(အစိုးရဝန်ထမ်း)မပါဘဲ ခံစားခွင့်များကလည်း ယခင်အတိုင်းပါပဲ၊ ကော်ပိုရေးရှင်းပြောင်းလိုက်တဲ့အတွက် အကျိုးအမြတ်ရလာပါက ဆုကြေး ချီးမြှင့်ငွေများပါ ခံစားခွင့် အခါအားလျော်စွာ ရရှိလာကြဦးမှာဖြစ်ပါတယ်၊ လျှပ်စစ်ဓာတ်အားပေးခြင်းစနစ်နှင့် မီတာခနှုန်းထားများ အပြောင်းအလဲလုံးဝလုပ်မှာ မဟုတ်ကြောင်း" ဦးမောင်မောင်လပ်က ပြောသည်။ **ခရမ်းစိုးမြင့်**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတွက် အများပြည်သူအား အသိပေးထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ လမ်းနှင့် တံတားဆိုင်ရာများကို အများပြည်သူအား သိရှိစေရေးအတွက် အသိပေးထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြချက်အရ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူ မြန်ဆန်စွာသွားလာအသုံးပြုနိုင်ရန် ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ပြီး လမ်းနှင့်တံတားများ၏ ခံနိုင်ဝန်အားမှာ တန် ၈၀ အထိ တင်ဆောင်သွားလာနိုင်သော ဒီဇိုင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဘာသာရေးဆိုင်ရာ ရုပ်ပွားတော်၊ ဆင်းတုတော်ကြီးများ သယ်ဆောင်ခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးဆိုင်ရာ တပ်ဆင်ရမည့် Over Weight ပစ္စည်းများကဲ့သို့သော သတ်မှတ်ခွင့်ပြုတန်ချိန်ထက်ပိုသော ဝန်လေးပစ္စည်းများကို Transporter ယာဉ်များဖြင့် သယ်ဆောင်ရန် လိုအပ်သည့်အခါများတွင် တံတားများ၌ Ultimate Deflection များ မဖြစ်ပေါ်စေရေးအတွက် Girder များ၏ အောက်ခြေတွင် Porp ဒေါက်ထောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတွက်ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ တံတားများတွင် ဒေါက်ထောက်မှု လုပ်ငန်းများဆောင်ရွက်ထားရှိမှုအပေါ်၌ စိုးရိမ်ပူပန်မှုများ မရှိစေရေးအတွက် အများပြည်သူများအား အသိပေးထုတ်ပြန်ထားကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။ **စိုးဝင်း(SP)**



ပြည်တွင်းသတင်း

# ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအား ၂၂-၂-၂၀၁၅ ရက် ညနေပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးထင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်၊ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးနေလင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် သတင်းဂျာနယ် ၃၄ ဖွဲ့မှ သတင်းနှင့် စာနယ်ဇင်းသမားများ တက်ရောက်ခဲ့ကြပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀-၂-၂၀၁၅ ရက်နေ့တွင် ပထမအကြိမ် စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါကြောင်း၊ ယခုပြုလုပ်ခြင်းသည် ၂၀-၂-၂၀၁၅ ရက်နေ့မှ ၂၂-၂-၂၀၁၅ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းမှုကို ဒုတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့သည် သမာသမတ်ရှိရှိ စေတနာအပြည့်အဝထား၍ အောင်မြင်မှုရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ ယခုအငြင်းပွားမှုဖြစ်ပွားနေသောစက်ရုံများမှ အလုပ်ရှင်များကို ပြည်ထောင်စုဝန်ကြီးက ၁၁-၂-၂၀၁၅ ရက်နေ့တွင် စက်ရုံ(၄)ရုံကို လည်းကောင်း၊ ၂၀-၂-၂၀၁၅ ရက်နေ့တွင် စက်ငါးရုံကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ၁၇-၂-၂၀၁၅ ရက်နေ့မှ ၂၂-၂-၂၀၁၅ ရက်နေ့အထိ ဒုတိယဝန်ကြီးနှင့်အဖွဲ့တို့မှ Costec အထည်ချုပ်စက်ရုံ အလုပ်ရှင်နှင့် သုံးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်ကို လည်းကောင်း၊ Ford Glory အထည်ချုပ်စက်ရုံ အလုပ်ရှင်နှင့် သုံးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်ကိုလည်းကောင်း၊ ကျောက်နီအထည်ချုပ် စက်ရုံအလုပ်ရှင်နှင့် တစ်ကြိမ်၊ အလုပ်သမားများနှင့် တစ်ကြိမ်၊ Eland Myanmar အထည်ချုပ်စက်ရုံ အလုပ်ရှင်နှင့် လေးကြိမ်၊ အလုပ်သမားများနှင့် လေးကြိမ်၊ တိုင်ရီဖိနပ်စက်ရုံအလုပ်ရှင်နှင့်သုံးကြိမ်၊ အလုပ်သမားများနှင့် သုံးကြိမ်တိုင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပါကြောင်း၊ ယခုလို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၁-၂-၂၀၁၅ ရက်နေ့တွင် တိုင်ရီဖိနပ်စက်ရုံသည် အလုပ်ရှင်၊ အလုပ်သမား သဘောတူညီမှုရရှိပြီး စာချုပ်ချုပ်နိုင်ခဲ့ပါကြောင်း၊ ယနေ့တွင် Eland Myanmar အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံတို့ကို ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အလုပ်သမားကိုယ်စားလှယ် ၁၅ ဦးအားခေါ်ယူ၍ အလုပ်ရှင်၏ လိုက်လျောနိုင်မှုအခြေအနေများကို ချပြရှင်းလင်းခဲ့ပါကြောင်း၊ အလုပ်သမားများကို မိမိတို့၏သားသမီးကဲ့သို့ သဘောထားပြီး ညှိနှိုင်းဆွေးနွေးပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့အနေဖြင့် ၁၇ ရက်နေ့မှစ၍ ယနေ့အထိ လုပ်ဆောင်ချက်များကိုအမှန်သိရှိအောင် စာနယ်ဇင်းသမားများက အပြုသဘောဖော်ပြပေးဖို့မေတ္တာရပ်ခံပါကြောင်း၊ ယခုလို ဆူပူမှုဖြစ်နေလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကိုအဟန့်အတားဖြစ်စေနိုင်ကြောင်း၊ အစိုးရမှသာ တာဝန်ရှိခြင်းမဟုတ်ဘဲ မီဒီယာများမှာလည်း တာဝန်ရှိကြောင်း၊ သတင်းဖြန့်ချိရေးအတွက် မီဒီယာများက အရေးကြီးကြောင်း၊ ကောင်းမွန်သည့် Message ရသည်ကို ပြဿနာကြီးထွားအောင် ဖြစ်ပွားစေနိုင်သည့် Message ပေးခြင်းမှာ ကောင်းမွန်ခြင်းမဟုတ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေး ရေးအဖွဲ့က မည်သို့ညှိနှိုင်းပေးနေကြောင်း၊ Win-Win Solution ဖြစ်အောင် ဆောင်ရွက်ပေးနေကြောင်းကို အလုပ်ရှင်အလုပ်သမားနှင့် ပြည်သူတို့ သိအောင် Message ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် မြေဈေးကြီးမှု အခြေအနေရှိကြောင်း၊ ဇီယက်နမ်မှာ မြေများ လျှော့ယူသလို လုပ်ပေးနိုင်လျှင် အလုပ်သမားများ လုပ်ခပိုမိုပေးနိုင်ကြောင်း၊ ပစ္စည်းတင်သွင်းရာတွင် အခွန်နှစ်ထပ်ဖြစ်နေခြင်းကိစ္စအား ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ပစ္စည်းတင်သွင်းရာတွင် အချိန်ကြာမြင့်ခြင်းအား ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ အလုပ်သမားပြဿနာများ ဖြေရှင်းပေးရန် ကောင်းမွန်သည့် အကြံဉာဏ်များ ပေးစေလိုကြောင်း၊ ပေါင်းစပ်ညှိနှိုင်းအဖြေရှာသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ယခုဖွဲ့စည်းထားသော အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွင် နယ်မြေရှိ စက်ရုံများ၏အငြင်းပွားမှုတို့ကို ဖြေရှင်းရန်ပါဝင်ကြောင်း၊ အလုပ်ရှင်အလုပ်သမားများ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် လုပ်ငန်းခွင်အေးချမ်း သာယာမည်ဖြစ်ကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းက ၁၇-၂-၂၀၁၅ရက်မှ ၂၂-၂-၂၀၁၅ ရက်နေ့အထိ ဥပဒေနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ ရာခိုင်နှုန်း အတော်များများ အောင်မြင်နေပါကြောင်း တည်ဆဲဥပဒေကိုလိုက်နာရမည်၊ ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းမီဒီယာများမှ အလုပ်သမားများကို တည်ဆဲဥပဒေအရ လုပ်ကိုင်ပေးရန်၊ ပြောကြားပေးပါရန် မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံအလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုဖြစ်ခဲ့လျှင် ပထမဦးစွာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဖြင့် ညှိနှိုင်းရခြင်း၊ ပြေလည်မှုမရရှိခဲ့လျှင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တက်ရောက်ရခြင်း၊ ခုံသမာဓိအဖွဲ့သို့လည်းကောင်း၊ ခုံသမာဓိကောင်စီသို့လည်းကောင်း အဆင့်ဆင့်လျှောက်ထားရကြောင်း၊ လုပ်ငန်းခွင် အေးချမ်းရေးအလုပ်ရှင် အလုပ်သမားများ နားလည်မှုရှိရန်လိုကြောင်း၊ အငြင်းပွားသောစက်ရုံများ၏ လုပ်ခလစာတိုးမြှင့်တောင်းခံမှုနှင့်ပတ်သက်၍ အလုပ်ရှင်များကို ရှင်းလင်းဆွေးနွေးပြီး အလုပ်ရှင်၏ လိုက်လျောမှုကိုအလုပ်သမားများအား ယနေ့တွင် ရှင်းလင်းချပြခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ ဖြေရှင်းပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် သတင်းမီဒီယာများ၏မေးမြန်းချက်များအား သက်ဆိုင်ရာများမှ ပြန်လည်ဖြေကြားခဲ့ပြီးဒုတိယဝန်ကြီး ဦးထင်အောင်က ယခု စာနယ်ဇင်းရှင်းလင်းပွဲသည် ပြည်သူများပြန်လည်သိရှိရန်နှင့် သံသယမရှိရန် ပြန်လည်ဖြေကြားပေးခြင်း ဖြစ်ပါကြောင်း၊ ယနေ့ပြောပြမှုကို နှစ်ဖက်မျှတအောင်ပြည်သူများသိအောင် အပြုသဘောဖော်ပြပေးဖို့ မေတ္တာရပ်ခံပါကြောင်း၊ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆွေးနွေးပေးသော အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဖြစ်ပါကြောင်း၊ အလုပ်သမားများအတွက် အားစိုက်ပြီး လုပ်ဆောင်နေပါကြောင်းနှင့် အလုပ်ရှင်၊ အလုပ်သမားကြားတွင် အလုပ်သမားများ၏ တောင်းဆိုချက်ကို အလုပ်ရှင်များထံမှ လိုက်လျောနိုင်မှုများကို ခက်ခက်ခဲခဲ ရယူပြီး ၂၂-၂-၂၀၁၅ရက်နေ့တွင် Eland Myanmar အထည်ချုပ်စက်ရုံ၊ Costec အထည်ချုပ်စက်ရုံနှင့် Ford Glory အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများကို ချပြရှင်းလင်းခဲ့ပါကြောင်း၊ အပြုသဘောဆောင်သည့် ညှိနှိုင်းရေးကို ဦးတည်ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဖွင့်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးမြို့ အထက(၁၆) ပညာရတနာဆောင်၌ ဖေဖော်ဝါရီ ၂၁ ရက်က အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအကျိုး တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနေသော အမရပူရ ပါတနာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ ညှိနှိုင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လေဆိပ်၌ တာဝန်ထမ်းဆောင်ကြမည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အထောက်အကူဖြစ်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဝန်ထမ်းများအနေနဲ့ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရန် လေ့လာဆည်းပူးနေရမှာ ဖြစ်သလို အင်္ဂလိပ်စာဟာလည်း အရေးကြီးတာကြောင့် နိုင်ငံခြားသားများကို အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ဖို့ အင်္ဂလိပ်စာ ကျွမ်းကျင်စေရန် သင်ယူလေ့လာရမှာဖြစ်တာမို့ ယခုလို သင်တန်းမျိုး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်စိုးက သင်တန်းဆင်းပွဲတွင် တိုက်တွန်းပြောကြားသည်။

**တင်မောင်(မန္တလေး)**



# မူဆယ်(၁၀၅)မိုင်ရှိ ကျေးရွာများတွင် ဝက်သက်ဂျိုက်သိုးကာကွယ်ဆေးထိုး

**မူဆယ် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတစ်ဝန်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသော ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးထိုး လုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။



မူဆယ်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် ဆရာ ဆရာမများကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ မိုင်းယု(၁၀၅) မိုင်ကျေးရွာနှင့် မန်မော်ကျေးရွာနှင့် ရွာမကျေးရွာများသို့ ကွင်းဆင်းကာ ကိုးလသားအရွယ်မှ ၁၅ နှစ်အရွယ်အထိ ကလေးငယ်များကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ကာကွယ်ဆေးထိုးပေးသွားမည် ဖြစ်ကြောင်း၊ လက်ရှိတွင် ကလေးငယ် ၈၀၀ ကျော် ဆေးထိုးပေးနိုင်ခဲ့ပြီး ကျန်ရှိကလေးငယ်များကိုလည်း ကာကွယ်ဆေးဆက်လက် ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ရာတွင် မူဆယ်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီပေးခဲ့ကြောင်း သိရသည်။

**ရိုးသျှား (၁၀၅မိုင်)**

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို အားပေးထောက်ပံ့

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အထက(၂)ကျောင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို အဆိုပါကျောင်းဝင်းအတွင်း၌ စာကျက်ဝိုင်းဖွင့်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းက ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဝင်းနှင့် အဖွဲ့က သွားရောက်ပြီး သင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမ ၁၈ ဦးနှင့် ကျောင်းသား ကျောင်းသူ ၅၀ ကိုတွေ့ဆုံ၍ လူမှုရေး၊ ကျန်းမာရေးနှင့် သင်ကြားမှုဆိုင်ရာများ ဆွေးနွေးဖြည့်ဆည်းပေးကာ စာရေးကိရိယာများ ထောက်ပံ့ပေးခြင်း၊ အာဟာရများကျွေးမွေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ပြည်တွင်းသတင်း

# လောက်ကိုင်ဒေသတိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ




☆ ကျော်ဖုံးမှ

သွားရောက်တိုက်ခိုက်ရှင်းလင်းခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအားကယ်ထုတ်ကာ သတင်းထောက်တစ်ဦးနှင့် ပြည်သူသုံးဦးအား ကွမ်းလုံပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာသွား သောသောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

❁ ကျော်ဖုံးမှ

(၄၃-၂၈)မှတ်ဖြင့် လည်းကောင်း၊ ရှမ်းက မကွေးကို (၄၁-၃၅)မှတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက် ဗိုလ်လုပွဲများကို နံနက် ၈ နာရီတွင် ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ပဲခူးက ပထမ၊ ဧရာဝတီက ဒုတိယ၊ ရန်ကုန်ကတတိယ၊ အမျိုးသားပွဲစဉ်တွင် မန္တလေးက ပထမ၊ ရန်ကုန်က ဒုတိယ၊ ရခိုင်က တတိယ အသီးသီးရရှိကြသည်။

ဖူဆယ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားအုပ်စုပွဲစဉ်များတွင် ရှမ်းက ရန်ကုန်ကို (၅-၃)ဂိုးဖြင့် လည်းကောင်း၊ ကချင်က မွန်ကို (၁၇-၃)ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းက ကယားကို (၁၃-၁)ဖြင့် လည်းကောင်း၊ ပဲခူးက ဧရာဝတီကို (၁၀-၁)ဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပွဲတွင် ဧရာဝတီက မွန်ကို (၁၀-၀)ဖြင့်လည်းကောင်း အနိုင်ရကြပြီး ပဲခူးနှင့် မန္တလေးတို့က နှစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို မွန်းလွဲ ၂နာရီတွင် ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၄၈ ကီလိုတန်းတွင် ဇော်မျိုးထွန်း(မွန်)က မင်းမောင်မောင်(ဧရာဝတီ)ကို လည်းကောင်း၊ ၅၁ကီလိုတန်းတွင် ရဲသွေးနီ(ကရင်)က သိန်းစိုး(ရန်ကုန်)ကိုလည်းကောင်း၊ ၅၄ကီလိုတန်းတွင် ရွှေချစ်သွေး(ကရင်)က အောင်မြင့်(မွန်)ကိုလည်းကောင်း၊ ၅၇ကီလိုတန်းတွင် စောမင်းဇော်(စစ်ကိုင်း)က ခွန်ညဏ်လင်းအောင်(ကရင်)ကို လည်းကောင်း၊ ၆၀ကီလိုတန်းတွင် စူပါ(ကရင်)က စိုးမင်းဦး(မွန်)ကိုလည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် စောဝီလျံ(ကရင်)က ထွန်းနိုင်ဦး (ပဲခူး)ကို လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် စေဆာဝါး(ကရင်)က အားမာန်(ရန်ကုန်)ကို လည်းကောင်း၊အမျိုးသား ၇၁ ကီလိုတန်းတွင် ရဲရင့်အောင်(တနင်္သာရီ)က သွေးသစ်အောင်(ကရင်)ကို လည်းကောင်း၊ အမျိုးသမီး ၄၈ကီလိုတန်းတွင် စောလေ့အဲ(ကရင်)က ဂျူးလစ်ကျော်(ကယား)ကိုလည်းကောင်း၊ ၅၁ ကီလိုတန်းတွင် ရွှေစင်ဝင့်ဝါ (တနင်္သာရီ)က ကြူကြူအေး(ကယား)ကို လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ဟေမာန်စိုး (ကရင်)က နော်စတယ်လာ(မကွေး)ကိုလည်းကောင်း၊ ၅၇ကီလိုတန်းတွင် နော်ခဲ့ဖော (ကရင်)က ယမုံဦး(မန္တလေး)ကိုလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် စုမြတ်မြတ်(ကရင်)က သင်းသင်းလှိုင်(မန္တလေး)ကို လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲကြသည်။

အမျိုးသား ဘောလုံးရှိုးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း-၃၌ ကျင်းပရာ ချင်းက မကွေးကို (၁-၀)ဂိုးဖြင့် လည်းကောင်း၊ ကရင်က နေပြည်တော်ကို (၄-၂)ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ အကြိုဗိုလ်လုပွဲတက်ရောက်သွားပြီး အမျိုးသမီးရှိုးထွက်ပွဲစဉ်များကို လေ့ကျင့်ရေးကွင်း-၁၌ ကျင်းပရာ ဧရာဝတီက မန္တလေးကို (၄-၀)ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်က ပဲခူးကို (၁၀-၀)ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ အကြိုဗိုလ်လုပွဲ တက်ရောက်သွားကြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ-C ၌ ကျင်းပရာ အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲများယှဉ်ပြိုင်ကြပြီး အမျိုးသား(အနုတ်၅၄)ကီလိုပင်း ဝိတ်တန်းတွင် အေးချမ်းဝေ(မန္တလေး)က ဖရန်စစ်ဦး(ကယား)ကိုလည်းကောင်း၊ (အနုတ်၆၈) ကီလိုဖယ်သာဝိတ်တန်းတွင် မျိုးမင်းသူ(ပဲခူး)က သီဟခိုင်စိုး(ကယား)ကို လည်းကောင်း၊ (အနုတ်၅၈) ကီလိုဖလိုင်းဝိတ်တန်းတွင် ရဲလင်းကျော်(မန္တလေး)က သိန်းမိုးအောင်(ကယား)ကို လည်းကောင်း၊ အမျိုးသမီး(အနုတ်၅၃)ကီလို ဘင်တန်ဝိတ်တန်းတွင် ဝေမာစိုး(ကချင်)က သဲဝေပိုင် (စစ်ကိုင်း)ကို လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲကြသည်။

❒ ကျော်ဖုံးမှ

ကစားသမားများဖြစ်သည့် ကမ်ဘူးနှင့်ဆမ်ဘာတို့ခြေမပေါ်၍ အချည်းနှီးဖြစ်ခဲ့ရသည်။ ပွဲစဉ်(၆)တွင် ဇွဲကပင်ကို အနိုင်ယူပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည့် ရခိုင်အသင်းမှာ ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး မိနစ် ၂၀ မှာပင် အဖွင့်ဂိုးရရှိခဲ့သည်။ တိုက်စစ်မှူး ပြည်မိုးကအဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် မနော‌မြေအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မိနစ် ၅၀ တွင် ရခိုင်အသင်း၏ ဒုတိယဂိုးကိုခွင့်ပြုရပြီး နောက်ပိုင်းပြိုဆင်းသွားခဲ့သည်။ ရခိုင်အတွက် ဒုတိယဂိုးကို ပြည်မိုးကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၇၉ မိနစ်တွင် တောင်ပံကစားသမား နိုင်နိုင်ကျော်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ-တစ်ဂိုး**

**(ဂျော်ဂျီ)**

**ဇွဲကပင်-ဂိုးမရှိ**

ယခုပွဲစဉ်များအပြီးတွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ခြောက်ပွဲကစား ၁၆ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်ဖြင့် တတိယ၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ခြောက်ပွဲကစား ၁၃ မှတ်ဖြင့် စတုတ္ထ၊ မကွေးအသင်းက ခုနစ်ပွဲကစား ၁၂ မှတ်ဖြင့် ပဉ္စမ၊ ချင်းယူနိုက်တက်က ခြောက်ပွဲကစား ရှစ်မှတ်ဖြင့် ဆဋ္ဌမနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

**အမည်ပြောင်း**

ဦးသန်းမြင့်ကြည်၏သမီး ကျိုင်းတုံမြို့၊ အထက(၅)၊ န၀မတန်း(B)မှ မရင်ငြိမ်းချမ်း ၁၃/မဖန(နိုင်)၀၃၁၉၇၁ အား မမြတ်နိုးခင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မမြတ်နိုးခင်

**ကားစလစ်ရောင်းရန်**
**(သံရည်ကျိုပို့ပြီး)**

၂၀၁၄ ဒီဇင်ဘာလက ထုတ်ပေးထားသော နှစ် ၂၀၊
၁/ခ Toyota Corolla 91
ဖုန်း-၀၉-၅၀၀၇၂၆၄၊ ၀၉-၃၁၉၄၅၆၆၉











ပြည်တွင်းသတင်း



# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁)အနီး ထိုင်းနိုင်ငံ-မယ်ဆိုင်မြို့တွင် သံဃာတော်အပါး ၁၀၀၀၀ အား ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူ

**တာချီလိတ်　ဖေဖော်ဝါရီ ၂၂**

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)အနီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံမှ သံဃာအပါး ၁၀၀၀၀ အား ဒုတိယအကြိမ်မြောက် စုပေါင်းဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၇ နာရီက ကျင်းပရာ တာချီလိတ်မြို့ပေါ်မှ သံဃာတော်၊ ကိုရင်နှင့် သီလရှင် စုစုပေါင်း အပါး ၁၅၀၀ ခန့် ကြွရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် မယ်ဆိုင်မြို့ရှိ တာဝန်ရှိသူတစ်ဦးက စုပေါင်းဆွမ်းလောင်းလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး ကြွရောက်လာသည့် ဆရာတော် သံဃာတော်များထံမှ စေတနာရှင် အလှူရှင်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေပြီး ဆရာတော် သံဃာတော်များအား စုပေါင်းဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (iprd)**

# မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိသားစုများ ကော့သောင်းမြို့သို့ ဒေသန္တရလေ့လာရေးလည်ပတ်ရောက်ရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိသားစုများသည် ကမ်းရိုးတန်းဒေသ ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်း မြို့သို့ ရေယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက သူငွေးကျွန်းမှ တစ်ဆင့်ရောက်ရှိလာရာ မြို့မဆိပ်ကမ်းတံတား၌ ကော့သောင်းခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဆောင်သော သံရုံးအကြီးအကဲများနှင့် မိသားစုများသည် ကော့သောင်းမြို့ မြန်မာနိုင်ငံတောင်ဘက်စွန်း ဘုရင့်နောင်အငူသို့ ရောက်ရှိလည်ပတ်ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ဧည့်သည်တော်များသည် ကော့သောင်းမြို့ ကျက်သရေဆောင် ဘုရင့်နောင် မင်းတရားကြီးရုပ်တုကုန်းမြေသို့ သွားရောက်၍ မြို့ရှုခင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုလည်ပတ်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။



ယင်းနောက်ဧည့်သည်တော်နှင့်အဖွဲ့သည် TZK ဟိုတယ်နှင့် ခရီးသွားလာမှု လုပ်ငန်းကုမ္ပဏီမှ ဒေသတွင်း နိုင်ငံခြားခရီးသွားလာမှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မလိဝမ်းသဘာဝ ရေပူစမ်းနှင့် မလိဝမ်းသဘာဝအပန်းဖြေ ရေတံခွန်သို့ ရောက်ရှိပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပသည့် ရှုခင်းများအား မှတ်တမ်းဓာတ်ပုံများ၊ အမှတ်တရ မိသားစုဓာတ်ပုံများ လိုက်လံရိုက်ကူးလည်ပတ်အနားယူ အပန်းဖြေခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော သံရုံးအကြီးအကဲများနှင့် မိသားစုများသည် ကော့သောင်း လေဆိပ်မှ တစ်ဆင့် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။


**ကျော်စိုး (iprd)**

မြို့လယ်ကျောင်း Ph: 202046, 392048 256954
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453
4-Skill English
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs
March 16
Essay, Letter + Grammar
Writing
7:30 to 10:30 (Sat + Sun) Mar 14
12 to 3:00 (Sat + Sun) Mar 14
7:30 to 9:00 Mar 16 (Mon to Thurs)

BASIC ENGLISH SPEAKING
1 - 2:30 (Mon - Thurs) 23 Feb
1 - 4:00 (Sat + Sun) 28 Feb
6 - 7:30 (Mon - Thurs) 9 Mar
7:30 - 9 (Mon - Thurs) 16 Mar
BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 21 Feb
1 - 4:00 (Sat + Sun) 28 Feb
1 - 2:30 (Mon - Thurs) 3 Mar
7:30 - 9 (Mon - Thurs) 9 Mar
3:30 - 5 (Mon - Thurs) 9,16 Mar
PRE-INTERMEDIATE
1 - 4:00 (Sat + Sun) 22 Mar
7:30 - 9 (Mon - Thurs) 23 Mar
3:30 - 5 (Mon - Thurs) 23 Mar
INTERMEDIATE
1 - 2:30 (Mon - Thurs) 3 Mar
7:30 - 9 (Mon - Thurs) 23 Mar
VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 7 Mar
1 - 2:30 (Mon - Thurs) 9 Mar
BASIC WRITING
3:30 - 5 (Mon - Thurs) 3 Mar
BASIC GRAMMAR
10-12:00 (Mon - Thurs) 16 Mar
IELTS (Four Skills)
1 - 3:30 (Mon - Thurs) 23 Mar
IELTS Exam Practice
3:30 - 5 (Mon - Thurs) 16 Mar
IELTS (Speaking)
1 - 2:30 (Mon - Thurs) 23 Feb
IELTS (Reading)
10 - 12:00 (Mon - Thurs) 23 Mar
IELTS (Writing)
7:30 - 9 (Mon - Thurs) 9 Mar

BASIC ENGLISH SPEAKING
3:30 - 5 (Mon - Thurs) 9 Mar
12 - 3:00 (Sat + Sun) 14 Mar
6 - 7:30 (Mon - Thurs) 16 Mar
BASIC GRAMMAR
12 - 3:00 (Sat + Sun) 14 Mar
PRE-INTERMEDIATE
6 - 7:30 (Mon - Thurs) 9 Mar
7:30-10:30 (Sat + Sun) 14 Mar
BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon - Thurs) 25 Feb
10-11:30 (Mon - Thurs) 25 Feb
12 - 3:00 (Sat + Sun) 1 Mar
10-11:30 (Mon - Thurs) 3 Mar
7:30-10:30 (Sat + Sun) 7 Mar
1 - 2:30 (Mon - Thurs) 9 Mar
INTERMEDIATE
12 - 3:00 (Sat + Sun) 7 Mar
(၈ + ၉) တန်း ဖြေဆိုသူများအတွက်
Essay, Letter + Grammar
Writing
7:30 to 10:30 (Sat+ Sun) 14 Mar
7:30 to 9:00 (Mon to Thurs) 16 Mar

www.events-educationandcareer.com
The 3rd Education & Career 2015
တတိယအကြိမ်မြောက်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၅
March 6 to 8, 2015
Tatmadaw Hall
Yangon, Myanmar



hot line: 09 30331405
Co-organizer:
Organized by:
DAGON

ဆောင်းပါး

# အနက်ပြစကားလုံး၊ အသုံးပြစကားလုံး (၂)

မောင်ခင်မင်(ဓနုဖြူ)

"မရှင်းတာကလေးတစ်ခု ထပ်မေးပါရစေ၊ ဦး"

"မေးလေ၊ ဘာမေးချင်တာလဲ"

"ဦးပြောပြလို့ အနက်ပြစကားလုံးတွေက အရေအတွက်များပြီး အသုံးပြစကားလုံးတွေကတော့ အရေအတွက်နည်းတယ်ဆိုတာသိပါပြီ။ ဘာဖြစ်လို့ အဲဒီလို အနည်းအများသိပ်ကွာရသလဲဆိုတာ မရှင်းပါဘူး။ အဲဒါ သိချင်လို့ပါ"

" ဪ၊ ဟုတ်ပြီ။ အနက်ပြစကားလုံးတွေက သောင်းနဲ့ သိန်းနဲ့ ချီပြီး အများကြီးရှိနိုင်ပေမယ့် အသုံးပြစကားလုံးကတော့ ရာဂဏန်းလောက်ပဲ ရှိနိုင်တယ်လို့ ဦးပြောပြတာ သိပ်မရှင်းဘူးဆိုပါတော့"

"ဟုတ်ပါတယ်၊ ဦး"

" ဘာဖြစ်လို့ အဲဒီလို အနည်းအများကွာရသလဲဆိုတာ မေးသင့်တဲ့ မေးခွန်းပါပဲ။ ဒီတော့ အနက်ပြစကားလုံးတွေ ဘာဖြစ်လို့ အများကြီးရှိနေတာလဲဆိုတာ စဉ်းစားကြည့်ရအောင်"

" ဟုတ်ကဲ့ပါ"

"အနက်ပြစကားလုံးဆိုတာ အနက်အဓိပ္ပာယ် အထင်အရှားရှိတဲ့ နာမ်တွေ၊ ကြိယာတွေ အများစုပါတယ်နော်။ အဲ. . . နာမ်စားတို့၊ နာမဝိသေသနတို့၊ ကြိယာဝိသေသနတို့လည်း ပါတာပေါ့။ အဲဒီစကားလုံးတွေက လူမှုကိစ္စတွေ အသစ်အသစ်တိုးလာတိုင်း အဲဒီလူမှုကိစ္စတွေကို ခေါ်ရတဲ့ စကားလုံးတွေဖြစ်နေတော့ သူတို့လည်း အသစ်အသစ် တိုးတိုးလာတာပေါ့ကွယ်။ ဒါဟာ သဘာဝပဲလေ"

" ဟုတ်ကဲ့ပါ၊ ဦး"

"အများဆုံး တိုးလာတာတွေကတော့ နာမ်တွေပဲ။ သက်ရှိသက်မဲ့ခေါ်စရာ အသုံးအဆောင်အသစ်တွေ တိုးလာရင် စကားလုံးတွေလည်း တစ်ပါတည်း တိုးလာရတာ မဟုတ်လား"

" ဟုတ်ကဲ့ပါ"

"ဥပမာဆိုပါတော့။ တို့မြန်မာနိုင်ငံမှာ တီဗွီမပေါ်ခင်တုန်းက ခေါ်တဲ့ စကားလုံးလည်း မပေါ်သေးဘူး။ တီဗွီပေါ်လာတော့ အဲဒါကိုခေါ်ဖို့ 'ရုပ်မြင်သံကြား' ဆိုတဲ့ စကားလုံးလည်း ပေါ်လာတယ်မဟုတ်လား"

အဖြစ် သုံးရတဲ့ ပြုလုပ်တာ၊ ဖြစ်တာ၊ ရှိတာတွေက ဒါတွေပဲ ထပ်ထပ်ဖြစ်နေတာများတယ်လေ။ ဒါကြောင့် ကြိယာအသစ် သိပ်မပေါ်တာထင်တယ်။ အဲ. . . 'ရိုက်စားတယ်' တို့၊ 'အချဉ်ဖမ်းတယ်' တို့၊ 'လန်းတယ်' တို့၊ ဂေါက်နေတယ်' တို့ဆိုတဲ့ ဗန်းစကားကြိယာတွေတော့ အသစ်ပေါ်တတ်ပါတယ်။ ပြီးတော့ 'ဗျူးတယ်'တို့၊ 'ထရိန်းတယ်' တို့ ဆိုတဲ့ မွေးစားကြိယာမျိုးတွေလည်းရှိတယ်။ နာမ်တွေလောက်တော့ မများဘူး"

"ဟုတ်ကဲ့ပါ"

"တစ်ခုသတိရလို့ပြောရဦးမယ်။ ဟိုတစ်နေ့က လမ်းဘေးကဆိုင်တစ်ဆိုင်မှာ ကပ်ထားတဲ့ စာတစ်ခုကို သတိထားမိလို့ပါ။ 'ဆင်းမ်ကတ်နှင့်ငွေဖြည့်ကတ်များ ရနိုင်ပါသည်' တဲ့"

"ဟုတ်ကဲ့ပါ၊ ဦး"

" အဲဒါ၊ အနက်ပြစကားလုံးတွေတိုးပွားလာပုံ သာဓကတစ်ခုပဲလေ။ အဲဒါတွေက လက်ကိုင်ဖုန်းတွေပေါပေါများများဖြစ်လာမှ ပေါ်လာတာဘာကြာသေးလို့လဲ။ အဲဒီမှာ 'ဆင်းမ်ကတ်'ဆိုတာက တိုက်ရိုက်အသံလှယ်တဲ့ စကားလုံးပေါ့။ 'ငွေဖြည့်ကတ်'ကတော့ ဘာသာပြန်တာလည်းဖြစ်နိုင်တယ်။ ကိုယ့်ဟာကိုယ် ထွင်သုံးရင်း အသုံးတွင်လာတာလည်း ဖြစ်နိုင်တယ်လေ"

"ဦး ပြောလိုက်တဲ့စကားထဲမှာ 'လက်ကိုင်ဖုန်း' ဆိုတာလည်းပါတယ်လေ။ အဲဒါလည်း ဘာသာပြန်သုံးတာပေါ့နော်"

"အေးပေါ့။ hand phone ကိုဘာသာပြန်သုံးတာပေါ့"

"သဘောပေါက်ပါပြီ ဦးရယ်။ ဒီလိုဆိုရင် အနက်ပြစကားလုံးအသစ်တွေ နောက်လည်း ထပ်တိုးလာဦးမှာပေါ့နော်"

"အေးပေါ့။ ကဲ. . . အသုံးပြစကားလုံးတွေက ဘာဖြစ်လို့ အသစ်အသစ်မတိုးတာလဲဆိုတာစဉ်းစားကြည့်ရအောင်။ အဲဒီစကားလုံးတွေက 'သည်၊ ၏၊ ၍၊ ၌၊ နှင့်၊ သဖြင့်၊ ကြောင့်' လို စာဟန်နဲ့ သုံးတဲ့စကားလုံးတွေရော 'တယ်၊ မယ်၊ ရဲ့၊ တော့၊ နဲ့' လို အပြောဟန်နဲ့သုံးတဲ့ စကားလုံးတွေရောပါတယ်လေ။ သဒ္ဒါစကားနဲ့ ပြောရင်တော့ ဝိဘတ်တို့၊ သမ္ဗန္ဓတို့ အများဆုံးပေါ့"

**"အများဆုံး တိုးလာတာတွေကတော့ နာမ်တွေပဲ။ သက်ရှိသက်မဲ့ခေါ်စရာ အသုံးအဆောင်အသစ်တွေ တိုးလာရင် စကားလုံးတွေလည်း တစ်ပါတည်း တိုးလာရတာ မဟုတ်လား"**

"ဟုတ်ကဲ့။ အဲဒီ 'ရုပ်မြင်သံကြား' ဆိုတဲ့ စကားလုံးကို ဘယ်သူကစပြီး တီထွင်တာလဲ ၊ ဦး"

"စကားလုံးအသစ်တစ်လုံးပေါ်လာတယ်ဆိုတာက တစ်ဦးတစ်ယောက်က တီထွင်ရုံနဲ့ပေါ်လာတာ မဟုတ်ဘူးလေ။ အများက လိုက်သုံးရင်း အသုံးတွင်ကျယ်လာပြီး အတည်ဖြစ်သွားတာမျိုးပါ။ ကဲ. . . တီဗွီကို မြန်မာလို ဘယ်လိုခေါ်မလဲလို့ စဉ်းစားပြီး ရုပ်လည်းမြင်ရ အသံလည်းကြားရလို့ ရုပ်မြင်သံကြားလို့ တစ်ယောက်ယောက်က စပြီးသုံးလိုက်တာကို အများလိုက်သုံးရာက အသုံးတွင်လာတာပေါ့။ ဘယ်သူစသုံးတယ်ဆိုတာတော့ မပြောနိုင်ဘူးလေ။ စကားလုံးတော်တော်များများက အဲဒီနည်းမျိုးစုံနဲ့ ပေါ်ပေါက်နေတာပါပဲ"

"ဟုတ်ကဲ့ပါ"

"တစ်ခုတော့ ရှိတာပေါ့။ တီထွင်တဲ့ပုဂ္ဂိုလ်က ဒီစကားလုံးကို ကျွန်တော်တီထွင်တာပါလို့ မှတ်မှတ်သားသား ပြောတာမျိုးလည်း ရှိတော့ ရှိနိုင်တယ်။ တစ်ယောက်ယောက်သုံးထားတာကို သဘောကျပြီး လိုက်သုံးရာက အသုံးတွင်လာတာမျိုးလည်း ရှိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ ခုအသုံးတွင်ကျယ်နေတဲ့ 'ဈေးကွက်စီးပွားရေး ' တို့ 'နယ်စပ်ကုန်သွယ်ရေး' တို့ 'တံခါးဖွင့်ဝါဒ' တို့လို လုပ်ငန်းဆိုင်ရာ စကားလုံးတွေ၊ 'မျက်ကပ်မှန်'တို့ 'မီးအားမြှင့်စက်' တို့ 'ငွေထုတ်စက်' တို့လို အသုံးအဆောင်ပစ္စည်းကိုခေါ်တဲ့ စကားလုံးတွေဟာ အသစ်ပေါ်လာတာတွေကို ခေါ်ဖို့ ဘာသာပြန်ထားတဲ့ အနက်ပြစကားလုံးတွေပဲလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုဘာသာပြန်တာမျိုး မဟုတ်ဘဲ နိုင်ငံခြားစကားလုံးကို အသံဖလှယ်ပြီးသုံးတာတွေလည်း အများကြီးပေါ့။ 'ရေဒီယို'တို့ 'တယ်လီဖုန်း' တို့က စပြီး 'အင်တာနက်' တို့ 'ကွန်ပျူတာ'တို့ 'ဆယ်လူလာ'တို့၊ 'စီဒီပလေယာ' တို့ 'အီးမေး' တို့ အများကြီးပေါ့။ အသစ်ပေါ်လာတဲ့အနက်ပြစကားလုံးတွေလေ"

"ဘာသာပြန်တာတို့၊ အသံဖလှယ်တာတို့ မဟုတ်ဘဲ ကိုယ့်ဟာကိုယ် တီထွင်တဲ့ စကားလုံးမျိုးလည်းရှိမှာပေါ့နော်၊ ဦး"

"ရှိတာပေါ့။ ဥပမာ 'အဝေးသင်' ဆိုတဲ့ စကားလုံးပဲကြည့်လေ။ အသစ်ပေါ်တဲ့ ပညာရေးစနစ်ကိုအကြောင်းပြုပြီး 'အဝေးသင် တက္ကသိုလ် အဝေးသင်ကျောင်းသား' ဆိုတာတွေ ပေါ်လာတာမဟုတ်လား။ အဲဒီလိုပဲ 'အဝေးပြေးကား'တို့ 'လေအိတ်ကား' တို့ 'ရေသန့်ဘူး'တို့ ဆိုတာတွေလည်း ပေါ်လာတာ သိပ်မှမကြာသေးဘဲ"

"ကြိယာတွေလည်း အသစ်ပေါ်မှာပေါ့နော်"

"အင်းပေါ်ပါတယ်။ ကြိယာစကားလုံးတွေက နာမ်စကားလုံးတွေလောက်တော့ အသစ်မများဘူးလေ။ နာမ်အဖြစ်သုံးရတဲ့ သက်ရှိသက်မဲ့ ပစ္စည်းတွေ၊ သဘောတရားတွေက အသစ်အသစ် တိုးလာပေမယ့် ကြိယာ

"ဟုတ်ကဲ့ပါ"

" အဲဒီစကားလုံးတွေက ဝါကျထဲမှာ အနက်ပြစကားလုံးတွေ ဘယ်လို ဆက်သွယ်တယ်ဆိုတဲ့ သဒ္ဒါဆက်သွယ်မှုကို ပြတဲ့စကားလုံးတွေလေ"

"ဟုတ်ပါတယ်၊ ဦး"

"အဲဒီဆက်သွယ်ပုံတွေကို နာမည်တပ်ပြောရရင် ပြုလုပ်သူ၊ ပြုလုပ်ခံရသူ၊ အချိန်ပြ၊နေရာပြ၊ အကြောင်းပြ၊ အသုံးခံ စသည်ဖြင့် သဒ္ဒါမှာပြလေ့ရှိတယ်။ အဲဒီဆက်သွယ်မှု အမျိုးအစားက အရေအတွက် နည်းတယ်လေ။ နာမ်တွေ၊ ကြိယာတွေလိုအများကြီးမှမဟုတ်ဘဲ။ ပြီးတော့။ မင်းစဉ်းစားကြည့်။ မင်းတို့ သဒ္ဒါသင်တော့ အခြေခံ ဝါကျဖွဲ့နည်းတွေသင်ရတယ် မဟုတ်လား။ အားလုံးဘယ်နှနည်းရှိသလဲ"

"သေသေချာချာ မသိပါဘူး ဦး"

"အေး . . . ဆရာကြီး ဦးဖေမောင်တင်က အခြေခံဝါကျ ဖွဲ့နည်း (၁၁)နည်းပဲရှိတယ်လို့ပြဖူးတယ်။ ခု မြန်မာစာအဖွဲ့က ထုတ်ထားတဲ့ မြန်မာသဒ္ဒါမှာ ဝါကျရိုးဖွဲ့နည်းဆိုပြီး ပြထားတာအမျိုး ၂၀၊ ၂၅မျိုး အထိပဲရှိတယ်။ ဒါထက်မပိုဘူး"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အသုံးပြစကားလုံးတွေကလည်း အဲဒီဝါကျ အမျိုး ၂၀ ကျော်လောက်ထဲမှာပဲ ထပ်တလဲလဲသုံးနေရတဲ့ စကားလုံးတွေမို့ အသစ်တိုးစရာ သိပ်မရှိဘူးလေ။ ဒီတော့ အရေအတွက်နည်းတာပေါ့ကွယ်"

" ဒီလိုဆိုရင် အသုံးပြစကားလုံးတွေ အသစ်တိုးလာတာလုံးဝမရှိဘူးလားဦး"

" လုံးဝမရှိတာတော့ မဟုတ်ဘူးလေ။ အနက်ပြစကားလုံးတွေလောက် များများ မတိုးဘူးလို့ပြောတာ။ ဒါကြောင့် မင်းကို ဟိုနေ့က မေးတာပေါ့။ 'သည်၊ တို့ ၊၍' တို့ကို အသုံးပြစကားလုံးအသစ် တိုးလာတာ မင်းတွေ့ဖူးသလား. . လို့"

" မတွေ့ဖူးပါဘူး ဦး"

" အေး . . . 'သည်၊ ကို၊ ၏၊ ၌၊ ၍' စတဲ့ အသုံးပြစကားလုံးတွေကို မြန်မာစာပေါ်ခါစ ပုဂံခေတ်ကတည်းက သုံးတာ ခုလည်းသုံးနေတုန်းပဲ။ အဲဒီစကားလုံးတွေကို လေ့လာကြည့်တော့ '၍' ဆိုတာ မူလက ရွေ့လျားတဲ့ အဓိပ္ပာယ်ရှိတဲ့ အနက်ပြစကားလုံးပဲ။ နောက်တော့ အသုံးပြစကားလုံးဖြစ်လာပြီး ရေးရာမှာလည်း '၍' လို့ အတိုကောက်ရေးရာက အသုံးတွင်သွားတာလေ။ နှစ်ပေါင်း တစ်ထောင်လောက် ကြာတဲ့ အခုချိန်အထိ '၍' ကို ဆက်စပ်တဲ့ အသုံးပြစကားလုံးအဖြစ် သုံးနေရတုန်းပဲ မဟုတ်လား။ 'များသည်' ဆိုတဲ့ ကြိယာက အနက်ပြစကားလုံးမဟုတ်လား။ 'လူများ၊ အိမ်များ' ကြတော့ အများပြတဲ့ အသုံးပြစကားလုံး ဖြစ်သွားရောလေ။ ဒီတော့ အသုံးပြစကားလုံးတစ်လုံးဖြစ်လာဖို့ နှစ်ပေါင်းရာနှင့်ချီပြီး ကြာချင်ကြာနိုင်တာပေါ့ကွာ"

" နားလည်ပါပြီ. . . ဦး။ ကျေးဇူးတင်ပါတယ်"

# သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦးနှင့်ကန့်ဘလူ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပထမအဆင့် ၁၉ ရုံအနက် ပျဉ်းမနား၊ စစ်ကိုင်း၊ လားရှိုး၊ မော်လမြိုင်၊ ပုသိမ်၊ မင်းဘူး၊ ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ စစ်တွေ၊ ကနေဒီ၊ ဘူးသီးတောင်/ မောင်တော၊ ပိန္နဲတောင်၊ လပွတ္တာ၊ ငွေဆောင်၊ ဟိုင်ကြီးကျွန်းနှင့် အမာစသည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၈ ရုံတွင် မြန်မာ့အသံ FM ရေဒီယို တိုးချဲ့တပ်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစက်ရုံမှ မြန်မာ့အသံ FM ရေဒီယိုထုတ်လွှင့်မှုကို စက်ရုံတည်ရှိရာ အကွာအဝေး မိုင် ၃၀ ပတ်လည်အတွင်းရှိဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါကြောင်းကို နေ့စဉ်ထုတ် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင် သံကြားတို့မှတစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ သီပေါရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၂၇-၁၁-၂၀၁၄)ရက်နေ့မှစတင်၍ လွှင့်အား (300 W)၊ လှိုင်းနှုန်း (88.0MHz)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို သီပေါမြို့၊ တုံစင့်၊ ရွာသစ်၊ ပန်စောက်မိန်း၊ ကုန်းသာ၊ တိမ်းစံ၊ စံဖိတ်၊ ဘော်ကြိုနှင့် လောင်ခွန်ကျေးရွာများမှ လည်းကောင်း၊ သိန္နီရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၃-၁၂- ၂၀၁၄) ရက်နေ့မှစတင်၍ လွှင့်အား (150 W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို သိန္နီမြို့၊ စယ်အူ၊ မန်ပြိန်း၊ ပန်ဖတ်ကျေးရွာများမှ လည်းကောင်း၊ ညောင်လေးပင်ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၁၄-၁၂- ၂၀၁၄) ရက်နေ့မှစတင်၍ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ညောင်လေးပင်၊ ဖြူး၊ ကျောက်ကြီး၊ ရွှေကျင်၊ ပျဉ်ပုံ ကြီးနှင့် မြို့ချောင်းမြို့များမှလည်းကောင်း၊ နေပြည်တော်(တပ်ကုန်း) ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၂၀-၁၂-၂၀၁၄) ရက်နေ့မှစတင်၍ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (89.2 MHz)ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို တပ်ကုန်း၊ ညောင်လွန့်၊ ရမည်းသင်း၊ နွားခြံကုန်း၊ ရွှေမြို့၊ ရေဆင်းနှင့် သိုက်ချောင်းမြို့များမှ လည်းကောင်း၊ တောင်တွင်းကြီး ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၉-၁- ၂၀၁၅)ရက်နေ့မှစတင်၍ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို တောင်တွင်း ကြီး ကင်မွန်းတောင်၊ သဲကော၊ သပြေအိုင်၊ သစ်ရာကောက်၊ မိကျောင်းရဲ၊ မြင်ကွန်း၊ ဆပ်သွား၊ ကုက္ကိုကုန်း၊ အလယ်ရွာ၊ ညောင်ပင်သာ၊ နတ်မောက်နှင့် ရွာမွန်တို့မှလည်းကောင်း၊ ရေဦးရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၁-၂- ၂၀၁၅) ရက်နေ့မှစတင်၍ လွှင့်အား (2 KW)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ထုတ်လွှင့် လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို ရေဦး၊ ခင်ဦး၊ ကျောက်မြောင်း၊ ရွှေဘို၊ ညောင်ပင်သာ၊ ဆိပ်ခွန်၊ ဒီပဲယင်း၊ စိုင်ပြင်၊ အရာတော်၊ ဇီးကုန်း၊ အကုံကား၊ တန့်ဆည်၊ ကန် ထူးမ၊ ကာဘိုး၊ မင်းကုန်းနှင့် ထန်းတပင်တို့မှ လည်းကောင်း၊ ကန့်ဘလူ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ (၁၈-၂- ၂၀၁၅) ရက်နေ့မှစတင်၍ လွှင့်အား (300 W)၊ လှိုင်းနှုန်း (89.5 MHz) ဖြင့် ထုတ်လွှင့်လျက်ရှိရာ အဆိုပါ ထုတ်လွှင့်မှုကို ဂါးတာဆည်ကြီး၊ မြေထူး၊ တောက္ကရုပ်၊ ဘုတ္တော၊ နတ်ပေး၊ ဝက်တိုး(မ)၊ ထန်းကုန်း၊ အုပ်ဖို၊ ကျွန်းလှ၊ လိတ္တူ၊ ပေကုန်း(တ)၊ သင်ပန်းတောတို့မှ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြပါသည်။

၃။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူခဲ့သည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော် (တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦးနှင့်ကန့်ဘလူ စသည့် စက်ရုံ ၁၀ ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ဆက်လက်၍ ကျန်စက်ရုံတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**အုတ်ဖို ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်လျှပ်စစ်မှူး ဦးအောင်ကိုကို ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၉ ရက်က အုတ်ဖို မြို့ အခြေခံပညာအထက်တန်းကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့်အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် လျှပ်စစ်)**

ပြည်တွင်းသတင်း

# ဆေးဝါးကျွမ်းကျင်အတတ်ပညာများ အိန္ဒိယအကူအညီပေးနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာပြည်သူများကို ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် အလို့ငှာ အိန္ဒိယနိုင်ငံအနေဖြင့် ကောင်းမွန်သောဆေးရုံများ တည်ဆောက်ရေး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရေးတို့အတွက် အကူအညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရစက်မှုနှင့် စွမ်းအင်ဝန်ကြီး ဦးညဏ်ထွန်းဦးက ပြောသည်။

"မြန်မာနိုင်ငံမှာ ဆေးဝါးအတတ်ပညာရှင်များ မွေးထုတ်ရာမှာ အိန္ဒိယနိုင်ငံက သူ့ရဲ့ကျွမ်းကျင်မှုအတတ်ပညာတွေကို မြန်မာလူငယ်များ လေ့ကျင့်သင်ကြားပေးရာမှာ အကူအညီပေးနိုင်ပါလိမ့်မယ်" ဟု ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်မြို့၌ ကျင်းပသော အိန္ဒိယဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ပြောကြားခြင်းဖြစ်သည်။

"ဖေဖော်ဝါရီ ၁၉ရက်မှ ၂၁ ရက်နေ့အထိ သုံးရက်တာ ပြုလုပ်တဲ့ ဒီအစီအစဉ်ဟာ ဆေးဝါးထုတ်လုပ်ဖြန့်ချိတဲ့စီးပွားရေးသမားအချင်းချင်း ထိတွေ့ဆက်ဆံနိုင်ဖို့ တစ်ခုတည်းမဟုတ်ပါဘူး။ ဆေးဝါးထုတ်ကုန်များ တိုးတက်ဖို့ မြန်မာနိုင်ငံမှာလိုအပ်တဲ့ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ အိန္ဒိယနိုင်ငံက ပံ့ပိုးပေးနိုင်ဖို့ ကျန်းမာရေးကဏ္ဍမှာ မြန်မာနိုင်ငံအတွင်း အိန္ဒိယရင်းနှီးမြှုပ်နှံမှုများ တွန်းအားပေးဖို့ အိန္ဒိယနိုင်ငံမှ ဖိတ်ခေါ်ခဲ့တဲ့ ဆရာဝန်များ၊ အထူးကုများနဲ့ မြန်မာဆရာဝန်များ ထိတွေ့ဆက်ဆံပြီး အမြင်ချင်းဖလှယ်နိုင်ဖို့ ကျင်းပတာဖြစ်ပါတယ်"ဟုလည်း မြန်မာ-အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ အမှုဆောင်အဖွဲ့ဝင် Dr.Venkatesh က ပြောသည်။

"အိန္ဒိယဆေးဝါးတွေက အရည်အသွေးလည်းအတန်အတင့်ကောင်းပြီး ဈေးနှုန်းလည်းသင့်တဲ့အတွက် မြန်မာနိုင်ငံမှာ သုံးစွဲသူများလာတာတွေ့ရပါတယ်"ဟု မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ပြောသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယဆေးဝါးဖြန့်ချိရေးလုပ်ငန်းရှင် ၁၀၀ ကျော်က မြန်မာနိုင်ငံဆေးဝါးဖြန့်ချိသူများနှင့် ချိန်ဆက်ကာ ဖြန့်ဖြူးလျက်ရှိကြောင်း၊ အိန္ဒိယဆေးဝါးအမျိုးပေါင်း အနည်းဆုံး ၄၀၀၀ ခန့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်ပုံတင်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စတုတ္ထအကြီးဆုံး ဆေးဝါးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး လက်ရှိအိန္ဒိယဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်ဖိုးရှိကာ ကမ္ဘာ့ထိပ်တန်းဆေးဝါးဈေးကွက်ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

**မြင့်မောင်စိုး**

# တောင်ပေါ်ဒေသ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**သီပေါ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးလစံနှင့် ဝန်ထမ်းများသည် မိုးပွင့် (အထူး) စီမံချက်လုပ်ငန်းများကို လက်ဖက်ထွက်ရှိရာနယ်မြေ တောင်ပေါ်ဒေသနေ ရှမ်း၊ ပလောင်သွေးချင်းတိုင်းရင်းသား ပြည်သူများထံ အသိပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က မိုင်းငေါ့ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မိုင်းငေါ့မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်နှင့်လဝကမြို့နယ်ဦးစီးမှူးက မိုးပွင့်(အထူး) စီမံချက်အကြောင်း အသိပညာပေးဟောပြောကာ အမျိုးသား ၉၃ ဦး၊ အမျိုးသမီး ၁၂၅ ဦး၊ စုစုပေါင်း ၂၁၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မီးငြှိမ်းသတ်ယာဉ်ပေးအပ်

**ဓနုဖြူ ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အကျော်ကျေးရွာနယ်မြေ မီးသတ်စခန်းသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေဂါလန် ၈၀၀ ဆံ့ မီးငြှိမ်းသတ်ယာဉ်တစ်စီး ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က အကျော်ကျေးရွာ ယာယီမီးသတ်စခန်း၌ကျင်းပရာ မီးငြှိမ်းသတ်ယာဉ်နှင့်ပတ်သက်၍ စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသို့ ပေးအပ်သည်။

အဆိုပါ မီးငြှိမ်းသတ်ယာဉ်ရရှိခြင်းဖြင့် အကျော်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများအား မီးဘေးအန္တရာယ်ကို တားဆီးကာကွယ် နိုင်မည်ဖြစ်သည့်အပြင် အခြားကျေးရွာများကိုပါ ကူညီဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်သန္တာထွေး(iprd)**

# သီးနှံနှစ်နာကြေးနှင့် မြေယာလျော်ကြေးငွေပေးအပ်

**မင်းဘူး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်/ကမ်းနီရေနံမြေ တပင်ဧရိယာရှိ တွင်းတူးစက်တွင် ပါဝင်သွားသော မြေယာလျော်ကြေးငွေပေးချေခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မင်းဘူးမြို့ ထောက်ရှာပင်/ကမ်းနီရေနံမြေတွင် တွင်းတူးစက်ဖြင့် တူးဖော်၍ ရေနံတွင်းဧရိယာအဖြစ် ဆက်လက်အသုံးပြုလိုသည့် တပင်ကျေးရွာမှ ကွင်းအမှတ်(၁၃၃၃) (တပင်ရွာကွင်း) ယာမြေ ၀ ဒသမ ၅၄ ဧကအတွက် သီးနှံနှစ်နာကြေးနှင့် မြေယာလျော်ကြေးငွေကျပ် ၅၄၀၀၀၀ အား ထောက်ရှာ ပင်/ကမ်းနီရေနံမြေမှ ယာပိုင်ရှင်တောင်သူ ဦးစိန်ထွန်းထံ ချက်လက်မှတ်ဖြင့် ပေးအပ်ခဲ့သည်။

**သန်းငြေး(မင်းဘူး)**

# လျှပ်စစ်နှင့်အသေးစား၊ အလတ်စားဖွံ့ဖြိုးရေးဆွေးနွေး

**မိုးညှင်း ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေသည် ဒုတိယပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ပေါ်၊ ပြည်နယ်စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးဆန်းထွဋ်ကိုတို့နှင့်အတူ ဖေဖော်ဝါရီ ၁၉ ရက်က မိုးညှင်းမြို့ 66/11 KV 5 MVA ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှပ်စစ်ဝန်ထမ်းများကို တွေ့ဆုံမှာကြားခဲ့သည်။

**ကေဆိုင်းနော်(ဖားကန့်)**

# ထူးခြားသော ရှေးဟောင်းတံတား

မြင်းခြံမြို့နယ် မြောက်ဘက် ၂၆ မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းပါးအနီးတွင် ရှေးဟောင်းရွာကြီး တစ်ရွာဖြစ်သည့် ဆီမီးခုံကျေးရွာသည် တိုက်နယ်ကျေးရွာကြီး တစ်ရွာဖြစ်သည်။ ဆီမီးခုံကျေးရွာတွင် အိမ်ခြေ ၁၀၀၀ ကျော်တည်ရှိပြီး ရွာ၏အလယ်ပိုင်းတွင် ဧရာဝတီမြစ်ရေတက်ချိန်၌ မြစ်ရေဝင်ရောက်စီးဆင်းသည့် ချောင်းငယ်တစ်ခုရှိသည်။ ထိုချောင်းငယ်ပေါ်တွင် ကန့်လန့်ဖြတ်၍ တည်ဆောက်ထားသည့် ထူးခြားသည့် ရှေးဟောင်းသစ်သားတံတားကြီးရှိသည်။

ယင်းရှေးဟောင်း သစ်သားတံတားကြီးကို ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်တွင် လေ့လောင်းပဲ့နင်းကြီးဦးအုံ့ကြီးက တည်ဆောက်ခဲ့ပြီး ကျေးရွာအမည်ကို အစွဲပြု၍ ဆီမီးခုံတံတားကြီးဟု အမည်တွင်သည်။ ယင်းတံတားကြီးသည် ကျွန်းသစ်သား တိုင်လုံးပေါင်း ၁၈၆ တိုင်ဖြင့် တည်ဆောက်ထားပြီးတံတားတွင် ဇရပ်နှစ်ဆောင်ကိုလည်း ထည့်သွင်းဆောက်လုပ်ထားသည်။ ဆီမီးခုံတံတားကြီး၏ ထူးခြားချက်မှာ တံတားသစ်သားတိုင်လုံးများအားလုံး၏ထိပ်တွင် ထီးအမိုးကဲ့သို့ ကျောက်ခွက်များကို မိုးအုပ်ထားခြင်းဖြစ်သည်။ သစ်သားတိုင်လုံးများထိပ်မှ မိုးရေများ ဝင်ရောက်ကာဆွေးမြည့်ပျက်စီးမည့် ဘေးအန္တရာယ်ကို အကာအကွယ်ပြုထားခြင်း ဖြစ်ဟန်တူသည်။

ထို့ကြောင့် ဆီမီးခုံတံတားကြီးသည် နှစ်ပေါင်းရာကျော် ကြာမြင့်သည့် ကာလတိုင်အောင် ယိုယွင်းပျက်စီးမှုမရှိဘဲ ကျေးရွာဒေသခံပြည်သူများက ယနေ့တိုင် အသုံးပြုသွားလာနေကြဆဲဖြစ်သည်။ ကျေးရွာဒေသခံများစုပေါင်း၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဆီမီးခုံတံတားကြီးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အရည်အသွေးအာမခံချက် မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ပါ၍ အရည်အသွေးအာမခံချက်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

*(ယမန်နေ့မှအဆက်)*

| စဉ် | လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၅၄ | New Winner သောက်ရေသန့် | အမှတ်(၂)ရပ်ကွက်၊ ရွှေဝါ(၁)လမ်း၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၅၅ | Sein Water သောက်ရေသန့် | ရှပ်ပုံစံပြကျေးရွာ၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၅၆ | King Star သောက်ရေသန့် | ဒေါ်မြင့်ရီ၊ မြို့မရပ်ကွက်၊ ဘုတ်ပြင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး ။ |
| ၅၇ | ကောင်းမြတ် သောက်ရေသန့် | ကန်ပေါက်တိုက်နယ်၊ ရေဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၅၈ | ရတနာ သောက်ရေသန့် | ကန်ပေါက်တိုက်နယ်၊ ရေဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၅၉ | သစ္စာ သောက်ရေသန့် | ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ။ |
| ၆၀ | အိုကေသိန်း သောက်ရေသန့် | မိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၁ | မြတ်ရတနာ သောက်ရေသန့် | ပါရမီရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၂ | သဇင် သောက်ရေသန့် | မြောက်ရပ်ကွက်၊ မြောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၃ | ဇင်ယော်နီ သောက်ရေသန့် | ဗန္ဓုလရပ်ကွက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၄ | MO သောက်ရေသန့် | သစ်ရာမြိုင်ရပ်ကွက်၊ ကျွန်းလှမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၅ | ရှယ် သောက်ရေသန့် | စံတော်သာမကျေးရွာ၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၆ | ပူးလောက် သောက်ရေသန့် | ကျောက္ကာရွာ၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၇ | Smile သောက်ရေသန့် | ဈေးတန်းရပ်ကွက်၊ တမူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၈ | Safe သောက်ရေသန့် | စော်ဘွားလေးရပ်၊ တမူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆၉ | နွေမိုးဆောင်း သောက်ရေသန့် | သမိန်ဗရမ်းလမ်း၊ သီရိနန္ဒာရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၇၀ | OXXO သောက်ရေသန့် | ရွှေတောင်ကြားလမ်း၊ သီရိခေမာရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၇၁ | မွန်အောင်ပန်း သောက်ရေသန့် | ရင်းဒိန်းကျေးရွာ၊ ခေါစာမြို့နယ်ခွဲ၊ ရေးမြို့၊ မွန်ပြည်နယ်။ |
| ၇၂ | ရာမည သောက်ရေသန့် | သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ |
| ၇၃ | မီဂါ သောက်ရေသန့် | အမှတ်(၁၇၁)၊ သစ္စာလမ်း၊ ဆိဆိုင်မြို့၊ မွန်ပြည်နယ်။ |

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

# တစ်ခါတစ်ခေါက်လာရောက်လှည့်ပါနော် မြို့ရွှေသင်း-ရွှေမြင်တင်တပေါင်းပွဲတော်



မြို့ပေါင်း ၂၂ မြို့၊ ဌာနပေါင်း ၅၁ ဌာနတွင် သာသနာပြုခဲ့သော ကမ္မာကျော်သာသနာပြု သာသနဟိတဓဇဘွဲ့တံဆိပ်တော်ရ ရသေ့ကြီး ဦးခန္တီ၏ သာသနာစတင်ပြုစုရာဖြစ်သော ရွှေမြင်တင်တောင်တော်မြတ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၏ အရှေ့ဘက်ခုနစ်မိုင်ခန့်အကွာ စံပြမြင်းနားအုပ်စု အတွင်းတွင် တည်ရှိသည်။

ယင်းတောင်တော်မြတ်တွင် နှစ်စဉ် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို စဉ်ဆက်မပြတ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၁၅) ကြိမ် ပြည့်မြောက်ခဲ့ပြီဟု သိရသည်။ ပွဲတော်ရက်မှာ တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်နေ့ထိ ဖြစ်သည်။ ရွှေမြင်တင်တပေါင်းပွဲတော်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ယာဉ်အမျိုးမျိုးဖြင့် ဘုရားဖူးလာရောက်ကြသကဲ့သို့ ရမည်းသင်းမြို့၊ တပ်ကုန်းမြို့၊ ပျော်ဘွယ်မြို့နယ် အစရှိသော မြို့နယ်များအတွင်းရှိ ကျေးရွာများမှ လှည်းများဖြင့် လာရောက်၍ ဘုရားဖူးကြသည်။ လှည်းများဝိုင်းဖွဲ့ကာ ပွဲတော်စသောရက်မှ ပြီးဆုံးသည့်ရက်များအထိ စုဝေးနေထိုင်ကြသည်။ မိမိတို့ လယ်ယာမြေမှ ထွက်ရှိသော စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ နေကြာ၊ ပဲအမျိုးမျိုး အစရှိသောသီးနှံများကို ဘုရား၊ စေတီ အသီးသီးတို့တွင် ဆက်ကပ်လှူဒါန်းကာ မိုးလေဝသကောင်းမွန်ရေး၊ သီးနှံစပါးအထွက်တိုးရေး၊ ဘေးဘယာကင်းဝေးပါစေကြောင်း ဆုတောင်းဆက်ကပ်လှူဒါန်းကြသည့် မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုဓလေ့ကို ယနေ့ထက်တိုင်တွေ့မြင်နိုင်ပေသည်။

ရမည်းသင်းမြို့ ရွှေမြင်တင်တောင်တော်မြတ်၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်သို့ ဒေသအသီးသီးအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများအတွက် နေထိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သောက်သုံးရေ အစရှိသည်တို့ကို တောင်တော်မြတ် ဂေါပကအဖွဲ့သည် ရွှေမြင်တင်တောင်တော်မြတ် ဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ စီစဉ်ဆောင်ရွက်ပေးသည်ဟု သိရသည့်အပြင် တောင်တော်မြတ်ကြီးတွင်ရှိသော ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် တောင်ဆင်းတောင်တက်လမ်း၊ စောင်းတန်းများကို ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဓာတ်လှေကား တပ်ဆင်နိုင်ရေးအတွက် စီစဉ်လျက်ရှိသည်ဟု သိရသည်။ ပွဲတော်ရက်များအတွင်းတွင် ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း၊ မြန်မာ့ရိုးရာ နွားဒိုးပြိုင်ပွဲများ ကျင်းပခြင်း၊ သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လပြည့်နေ့တွင် သံဃာအပါး ၁၅၀ ကျော်တို့ကို ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည်ဖြင့် စည်ကားစွာ ကျင်းပရာ ရုပ်ရှင်များ၊ ဇာတ်ပွဲများဖြင့် ညစဉ်ကပြဖျော်ဖြေလျက်ရှိသည်။

ယခုအခါ ရမည်းသင်းမြို့နယ်အတွင်းရှိ ရွှေမြင်တင်တောင်တော်မြတ်သို့ သွားလာရေး ယခင်ကထက် အဆင်ပြေ လွယ်ကူချောမွေ့လျက်ရှိကာ လှည်းများဖြင့် အုပ်စုလိုက်ဘုရားဖူးလာရောက်ကြသည့်ဓလေ့ကို တွေ့မြင်နိုင်ပြီး ရှေးဟောင်းသမိုင်းဝင်၊ သာသနာ့ဂေဇက်ဝင်၊ အညာဓလေ့တပေါင်းပွဲ ရွှေမြင်တင်ဗုဒ္ဓပူဇနိယပွဲတော်သို့ ခါတစ်ခေါက်လာရောက်လှည့်ပါဟူ၍ ရေးသားဖော်ပြဖိတ်ခေါ်လိုက်ရပေသည်။

**အတ်ကလေး(ရမည်းသင်း)**

## တရားမဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း တရားမဝင်သစ်နှင့်သစ်တောထွက် ပစ္စည်းထုတ်ယူသယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

ထိုသို့ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်း အကွက်အမှတ်(၃၅) အတွင်းမှ ကညင်ခွဲသား ၁၁ ချောင်း၊ ၀ ဒသမ ၈၂၄၄ တန်၊ အကွက် အမှတ်(၃၆)အတွင်းမှ စကားဝါနှင့် ကညင်ခွဲသား ခြောက်ချောင်း၊ ၁ ဒသမ ၃၁၅၄ တန်နှင့် အကွက် အမှတ်(၃၄)အတွင်းမှ ပျဉ်းကတိုးနှင့် စကားဝါခွဲသား ငါးချောင်း၊ ၀ ဒသမ ၉၄၈၆ တန် ဖမ်းဆီးရမိခဲ့သည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်း အကွက်အမှတ်(၃၃)အတွင်းမှ တရားမဝင် ကျွန်းသစ် ၁၇ လုံး ၁ ဒသမ ၆၂၄၀ တန်၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိမ့်ရွာမြောက်ဘက် တစ်မိုင်ခန့်အကွာနေရာမှ တရားမဝင် ကျွန်းခွားရွှေနှစ်ချောင်း၊ ၀ ဒသမ ၂၁၀ တန်နှင့် ကျွန်းသစ်လုံးလေးလုံး ၀ ဒသမ ၇၈၄ တန်ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် လက်ပံတန်းမြို့နယ် မြောက်ဇာမရီ ကြိုးဝိုင်း အကွက်အမှတ် (၆၆)အတွင်းမှ တရားမဝင် ကျွန်းခွဲသား ၄၁ ချောင်း၊ ၁ ဒသမ ၅၂၄၄ တန်နှင့် ချိန်းဆောနှစ်လက်ကို ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူကုန်ကူးခံရသူများပြန်လည်လက်ခံရေး စံလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

(၁၅) ကြိမ်မြောက် မြန်မာ-ထိုင်း ညှိနှိုင်းအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးဆိုင်ရာ စံလုပ်ငန်းအစီအစဉ် နောက်ဆက်တွဲ(၁၀)ခုအား အတည်ပြုရေးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Summit Parkview Hotel, Ball Room ခန်းမ၌ ကျင်းပသည်။

ဖေဖော်ဝါရီ ၂၀ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Kwanwong Pikulthong တို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

## အဆင့်မြင့်လယ်ယာ ဖော်ထုတ်ဆောင်ရွက်

**မုံရွာ ဖေဖော်ဝါရီ ၂၂**

မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရန်အတွက် မုံရွာခရိုင် ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာအောင်စေပိုင်စေ လျှပ်စစ်မြစ်ရေတင်ဧရိယာအတွင်း ကွင်းအမှတ် ၁၉၆၁ ဧကရှိ တောင်သူ ၇၃ ဦး၏မြေဧရိယာ ၁၁၂ ဧကကို အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## မြေသားလမ်းကို ကျောက်စရစ်မြေနီလမ်းအဖြစ် အဆင့်မြှင့်တင်

**ညောင်ဦး ဖေဖော်ဝါရီ ၂၂**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ညောင်ဦးမြို့နယ်အတွင်း တောင်ခွင်ကျေးရွာနေ ပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် တောင်ခွင်ကျေးရွာမှ ညောင်ဦး-ကျောက်ပန်းတောင်းသွားလမ်းအထိ အရှည်ပေ လေးဖာလုံခန့်ကို မြေသားလမ်းအဆင့်မှ ကျောက်စရစ် မြေနီလမ်းအဖြစ် အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ တောင်ခွင်ကျေးရွာ ကျေးလက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၀၈ သန်းဖြင့် ဖေဖော်ဝါရီ ၄ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်စေခဲ့ပြီး ယခုအခါ အဆိုပါလမ်းမှာ ကျောက်စရစ်မြေနီခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး လမ်းအချောသပ်မှုအနေဖြင့် လမ်းများကျစ်လစ်ခိုင်မာမှုရှိစေရန် ရေလောင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်၍ တောင်ခွင်ကျေးရွာမှ ဒေသခံပြည်သူများ ယခင်ကထက် သွားလာမှုလွယ်ကူလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(iprd)**

## ပွင့်ဖြူမြို့နယ်၌ လျှပ်စစ်မီးရရှိ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မုန်းမြင့်ကျေးရွာနှင့် အင်းဒေါင်းကျေးရွာတို့တွင် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

အဆိုပါကျေးရွာများလျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃ ဒသမ ၃မိုင်၊ ဗို့လိုင်း ၄၀၀ ၂ဒသမ ၃မိုင်၊ ၃၁၅ကေဗွီအေထရန်စဖော်မာ တစ်လုံးတည်ဆောက်ခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချေးငွေကျပ်သိန်း ၁၀၀၀ နှင့် ဒေသခံပြည်သူများ၏ အလှူငွေကျပ်သိန်း ၆၀၀ စုစုပေါင်း ငွေကျပ် သိန်း ၁၆၀၀ ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ထောင်စု ၁၈၀ မှာ လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ကျေးလက်နေပြည်သူများအတွက် စက်အငှားသုံးဘဝမှ စက်ပိုင်ဘဝသို့ရောက်ရှိရန် သမဝါယမက အကောင်အထည်ဖော်နေသည့် အရစ်ကျငွေချေစနစ် (Hire Purchase)

လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ရာ သမဝါယမဝန်ကြီးဌာနသည် အသင်းသား တောင်သူလယ်သမားများ တစ်ဦးချင်းကြိုက်နှစ်သက်သော ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ် (Hire Purchase)ဖြင့် ရောင်းချနိုင်ရန် အကျိုးအမြတ် အဓိကဦးမတည်၊ အသင်းသား တောင်သူလယ်သမားများ စိတ်ကြိုက်အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ကိရိယာများ ရရှိရေးကို အဓိက ဦးတည်ဆောင်ရွက်လျက်ရှိသည်။ (၂၀-၂-၂၀၁၅) ရက်နေ့ထိ သမဝါယမက တိုင်းဒေသကြီး/ပြည်နယ်များသို့ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာအရေအတွက် ၁၆၆၆၄ စီး၊ တန်ဖိုးငွေကျပ် ၁၃၅၂၈ ဒသမ ၅၂၅၅ သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Co., Ltd. လုပ် လယ်ယာသုံးစက်ကိရိယာ ၄၃၄ စီး၊ တန်ဖိုးငွေကျပ် ၁၀၄၇၀ ဒသမ ၀၁၅၂ သန်း၊ စုစုပေါင်း လယ်ယာသုံးစက်ကိရိယာ ၁၇၀၉၈ စီး၊ တန်ဖိုးငွေကျပ် ၂၃၉၉၈ ဒသမ ၅၄၀၇ သန်း အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ရောင်းချပေးခဲ့သည်များအနက်မှ တန်ဖိုးငွေကျပ် ၃၃၁ ဒသမ ၅၇၆၀ သန်းရှိ စက်ကိရိယာ ၁၂၈၈ စီးကို အသင်းသား တောင်သူလယ်သမားများက သတ်မှတ်ကာလအတွင်း ငွေအပြေအကျေပေးဆပ်ခဲ့ပြီးဖြစ်၍ စက်ငှားသုံးဘဝမှ စက်ပိုင်ဘဝသို့ ပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ အရည်အသွေး ကောင်းမွန်သည့် Daedong လယ်ယာသုံး စက်ကိရိယာများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အသင်းသား တောင်သူ လယ်သမားများသို့ အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် ရောင်းချပေးနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

### သမဝါယမကဏ္ဍမှ လယ်ယာသုံး/လုပ်ငန်းသုံးစက်ပစ္စည်းအရစ်ကျရောင်းချမှုဇယား

(၂၀-၂-၂၀၁၅)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | Hire Purchase စနစ်ဖြင့် ရောင်းချပေးပြီးသော ပစ္စည်း/တန်ဖိုး | | ငွေအပြေအကျေပေးဆပ်ပြီး ကိုယ်ပိုင်ဖြစ်လာသည့် စက်ကိရိယာ | |
|---|---|---|---|---|---|
| | | စက်ပစ္စည်း အရေအတွက် | တန်ဖိုး (ကျပ်သန်း) | စက်ပစ္စည်း အရေအတွက် | တန်ဖိုး (ကျပ်သန်း) |
| ၁။ | နေပြည်တော် | ၄၆၅ | ၈၉၃. ၈၃၈၂ | | |
| ၂။ | ကရင် | ၁၅ | ၁၀၇. ၉၈၂၀ | | |
| ၃။ | စစ်ကိုင်း | ၁၃၈၀ | ၈၁၄၁. ၈၈၉၃ | | |
| ၄။ | တနင်္သာရီ | ၁၂၂ | ၅၀. ၆၂၈၀ | | |
| ၅။ | ပဲခူး | ၈၅၈ | ၁၇၁၅. ၄၇၀၀ | ၃၀ | ၅၉. ၁၀၀၀ |
| ၆။ | မကွေး | ၄၇၇ | ၁၀၅၇. ၉၅၉၀ | | |
| ၇။ | မန္တလေး | ၃၂၂ | ၃၆၀၅. ၅၇၁၀ | ၁၀၉ | ၁၃၂. ၇၂၅၀ |
| ၈။ | မွန် | ၄၈၂ | ၅၆၆. ၆၃၆၇ | ၃၆၀ | ၅၇. ၃၁၁၀ |
| ၉။ | ရခိုင် | ၅၃ | ၃၅၁. ၂၀၀၀ | | |
| ၁၀။ | ရန်ကုန် | ၃၈၄၁ | ၃၃၉၃. ၀၁၂ | ၆၈၃ | ၅၇. ၆၂၅၀ |
| ၁၁။ | ရှမ်း | ၁၄၆၆ | ၂၄၃၃. ၃၄၀၀ | ၁ | ၄. ၀၀၀၀ |
| ၁၂။ | ဧရာဝတီ | ၇၆၄၇ | ၁၆၈၁. ၀၁၄၅ | ၁၀၅ | ၂၀. ၈၁၅၀ |
| | စုစုပေါင်း | ၁၇၀၉၈ | ၂၃၉၉၈·၅၄၀၇ | ၁၂၈၈ | ၃၃၁·၅၇၆၀ |

**သမဝါယမကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန**

ပြည်တွင်းသတင်း




# ရမည်းသင်း စက်မှုလယ်ယာဦးစီးဌာနသို့ ထွန်စက်သစ်ကြီးငါးစီးရောက်ရှိ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များအတွက် ထွန်စက်သစ်ကြီးငါးစီးကို ရမည်းသင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသို့ ဖေဖော်ဝါရီ ၁၈ ရက်က ရောက်ရှိလာကြောင်း သိရသည်။

ထွန်စက်သစ်ငါးစီးကို ရမည်းသင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ မိုးကြိုထွန်ယက်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မိမိတို့လယ်ယာမြေများတွင် ထွန်ယက်လိုပါက ရမည်းသင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း၊ ဌာနက တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်အချိန်နှင့် တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထွန်စက်သစ်ကြီးငါးစီးတွင် မြင်းကောင်ရေ ၉၀ အားရှိ ဆိုနာလီကာအမျိုးအစား သုံးစီးနှင့် မြင်းကောင်ရေ ၄၇ ကောင်အားရှိ ကူဘိုတာအမျိုးအစားနှစ်စီးပါဝင်ကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# အင်္ဂလိပ်စာကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲများဆုချီးမြှင့်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတက္ကသိုလ်၌ အင်္ဂလိပ်စာကျပန်းစကားပြောနှင့် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ခေမရဌ်ခန်းမ၌ ဖေဖော်ဝါရီ ၁၉ နှင့် ၂၀ ရက်တွင် ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပခဲ့သော ဖွင့်ပွဲတွင် ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်စိုးမြင့်က အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဌာနမှူး ဒေါက်တာဒေါ်ခင်ခင်အေးက ပြိုင်ပွဲ၏ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယနှစ်(ဂုဏ်ထူးတန်း)အင်္ဂလိပ်စာကျောင်းသူ မနန်းဖောင်းနွန်းနှင့် ဒုတိယနှစ် အင်္ဂလိပ်စာကျောင်းသူ မချိုချိုလွင်တို့က လူငယ်လေးများအတွက် အင်တာနက်ရဲ့အကျိုးသက်ရောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနှစ် အင်္ဂလိပ်စာကျောင်းသူ မနန်းဖြိုးနှင်းသွယ်နှင့် ပထမနှစ် ဓာတုဗေဒကျောင်းသူ မနုနုဝေတို့က ကျိုင်းတုံတက္ကသိုလ်၏ ပထမနေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် စကားဝိုင်းဆွေးနွေးပွဲပြိုင်ပွဲကို ကျင်းပပြီး ဒုတိယနှစ်(ဂုဏ်ထူးတန်း) အင်္ဂလိပ်စာအထူးပြုကျောင်းသူ မနန်းဖောင်းနွန်းဦးဆောင်သောအဖွဲ့က မိမိကိုယ်ကိုယ်ယုံကြည်မှုရှိခြင်းသည် အောင်မြင်မှုအတွက် အရေးအကြီးဆုံးအချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသူ မနန်းဖြိုးနှင်းသွယ် ဦးဆောင်သောအဖွဲ့က ခေတ်မီအဆင့်မြင့်နည်းပညာသည် လူသားတို့နေထိုင်မှုဘဝကိုပိုမိုအဆင်ပြေစေသည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမနှစ်မဟာသိပ္ပံသချာအထူးပြုကျောင်းသား မောင်စိုင်းသောမတ်စ်ခမ်း ဦးဆောင်သောအဖွဲ့က ကမ္ဘာကြီးကိုဘယ်လိုကယ်ဆယ်ကြမလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများကို ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်စိုးမြင့်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

# သိမ်းဆည်း မြေယာများအား မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်း

**တောင်သာ ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ သိမ်းဆည်းမြေယာများအား မူလတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် မြင်းခြံခရိုင် မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က အမှာစကားပြောကြားပြီး တောင်သာမြို့နယ် မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က မြေယာများ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ ခရိုင်နှင့်မြို့နယ် မြေယာအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌတို့က တောင်သူများအား စိုက်ပျိုးမြေ ပြန်လည်လုပ်ကိုင်ခွင့်ယာယီပုံစံ (၃)များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

တောင်သာမြို့နယ် ကျွဲဇင်းကျေးရွာအုပ်စု ကျွဲဇင်းကျေးရွာမှ ဒေသခံတောင်သူ ၂၂ ဦးတို့၏ တစ်ဦးချင်းဦးပိုင်အလိုက် လုပ်ပိုင်ခွင့်ယာယီပုံစံ (၃)နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တောင်သူ ၂၂ ဦး၏ အမှန်တိုင်းတာရရှိမြေ ၁၉ ဒသမ ၃၈ ဧကကို တောင်သူတစ်ဦးချင်း ဦးပိုင်အလိုက် လုပ်ပိုင်ခွင့်ယာယီပုံစံ(၃)များ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ လွှဲပြောင်းပေးအပ်သည့်မြေယာများကို အသေးစိတ်တိုင်းတာခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

## ချင်းအမျိုးသားနေ့သတင်းများ

# (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**ရိခေါဒါရ် ဖေဖော်ဝါရီ ၂၂**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ ပါဝင်သည့် စစ်ကြောင်းခုနစ်ကြောင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ အမှတ်(၁) အားကစားကွင်းအထိ ချီတက်လမ်းလျှောက်ပြီး အားကစားမဏ္ဍပ်ရှေ့၌ နိုင်ငံတော်အလံနှင့် ချင်းပြည်နယ်အလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိအဖွဲ့မှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသွမ်ထန်းက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ မိန့်ခွန်းပြောကြားပြီး မြို့စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးချန်လျန်နာက ဒေသဘာသာစကားဖြင့် ပြန်လည်ပြောကြားကာ ဒေသခံပြည်သူများက ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရိခေါဒါရ်မြို့နယ် ဒေသတစ်ဝိုက်ရှိ ကျေးရွာ ၁၅ ရွာမှ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲကို ရက်သတ္တ တစ်ပတ်ကြာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# မြန်အောင်မြို့နယ်၌ (၆၇)ကြိမ်မြောက် ချင်းအမျိုးသားနေ့ကျင်းပ

**မြန်အောင် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ရေတာကျေးရွာ၌ (၆၇)ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အရှိုချင်းဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးဗဟိုကော်မတီဥက္ကဋ္ဌက အရှိုချင်းရေးရာကိစ္စများအကြောင်းကိုလည်းကောင်း၊ ချင်းတိုင်းရင်းသားတစ်ဦးက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို လည်းကောင်း၊ ချင်းတိုင်းရင်းသူတစ်ဦးက ချင်းတိုင်းရင်းသားများ၏ အမှတ်အသားတံဆိပ်များနှင့် ဝတ်စားဆင်ယင်ပုံများအကြောင်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။ ထို့နောက် ချင်းတိုင်းရင်းသူတစ်ဦးက ချင်းတိုင်းရင်းသားများ၏ စာပေ၊ စကား၊ ရိုးရာဝတ်စားဆင်ယင်မှု ဓလေ့ထုံးတမ်းစဉ်လာ စာတမ်းကို ဖတ်ကြားပြီး ချင်းတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးက (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ကြိုဆိုထောက်ခံ ဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ဌေးမြင့်က ခြင်ထောင်နှင့် ကြာဇံထုပ်များကို မိခင်နှင့်ကလေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ချင်းအမျိုးသမီးအဖွဲ့များအား ပေးအပ်လှူဒါန်းပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများနှင့် အလှူရှင်များကလည်း အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**




# ချင်းအမျိုးသားနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့်မိတ်ဆုံစားပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ်၌ (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ပထမဆုံးအကြိမ် စာတမ်းဖတ်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျောင်းဘက်စုံခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းတို့ တက်ရောက် အားပေးခဲ့ကြပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကို တောင်ကြီးတက္ကသိုလ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ်ကျင်းပသွားနိုင်ရေးကြိုးစားသွားကြရန် အမှာစကား ပြောကြားသည်။ ထို့နောက် တောင်ကြီးတက္ကသိုလ်၊ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ ပထဝီဝင်ဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်အေးစန်းက (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားကာ တောင်ကြီးတက္ကသိုလ်ဆေးခန်းနှင့် မဟာဓမ္မရက္ခိတ ဓမ္မာရုံအတွက် အလှူငွေပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။



ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းရင်းသားအကများ၊ တေးသီချင်းများ သီဆိုဖျော်ဖြေပြီး သမိုင်းဌာန ပါမောက္ခဌာနမှူး(ငြိမ်း) ဆရာကြီး ဦးအက်ဘွေကောက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ကာ တောင်ကြီးတက္ကသိုလ် ပါမောက္ခဌာနမှူးများ၊ ပထဝီဝင်၊ မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ ဆရာ ဆရာမများက စာတမ်းများကို ဖတ်ကြားတင်ပြခဲ့ကြကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ဂန့်ဂေါဘူတာရုံ၌ ဝန်ဆောင်မှုများကောင်းမွန်ရန် တိုးမြှင့်ဆောင်ရွက်

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၂**

ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်းရှိ ဂန့်ဂေါဘူတာတွင် မီးရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါဘူတာရုံတွင် ညပိုင်းအလင်းရောင်ကောင်းမွန်စွာရရှိရေးအတွက် မီးသီး၊ မီးပွင့်များ တိုးချဲ့တပ်ဆင်ခြင်း၊ ခရီးသည်များ၏ လက်ကိုင်ဖုန်းများ လျှပ်စစ်ဓာတ်အား ဖြည့်သွင်းနိုင်ရေးအတွက် လျှပ်စစ်ပလပ်ပေါက်များ တပ်ဆင်ထားရှိပေးခြင်း၊ မီးရထားစီးခရီးသည်များ မျက်စိပသာဒဖြစ်စေရေးအတွက် ဘူတာရှေ့ပန်းခြံတွင် မီးဆိုင်း၊ မီးပန်းများ ထွန်းညှိပေးခြင်း၊ ဘူတာဝင်းအတွင်း အမှိုက်ကင်းစင်စေခြင်း၊ သောက်ရေအိုးစင်များ ရေမပြတ်စေရေး အလေးထားခြင်း၊ ဘူတာပလက်ဖောင်းတွင် အဆင်းအတက်လွယ်ကူစေရန် လှေကားထစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ပလတ်စတစ်ထိုင်ခုံများ တိုးချဲ့ထားရှိပေးခြင်း၊ ရထားလက်မှတ်ခနှုန်းထားများ သတ်မှတ်နှုန်းထားအတိုင်းဖြစ်စေရန် အလေးထားဆောင်ရွက်ခြင်း၊ စာပေရေချမ်းစင်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ အမြဲမပြတ်ဖြည့်တင်းခြင်း၊ မီးရထားဝင်ချိန်၊ ထွက်ချိန်ကို သိသာထင်ရှားစေရန် အသံချဲ့စက်များဖြင့် လည်းကောင်း၊ ကြော်ငြာသင်ပုန်းဖြင့် လည်းကောင်း ကြော်ငြာပေးခြင်း စသည့်ဖြင့် မီးရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် သွားလာနိုင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ဂန့်ဂေါဘူတာရုံမှ ရုံပိုင်ကြီး ဦးသက်နိုင်က ပြောသည်။

"ကျွန်တော်တို့ဘူတာရုံမှာ ပြည်သူ့ဆက်ဆံရေးဌာနစိတ်ကို ဖွင့်လှစ်ထားရှိပြီး ခရီးသည်တွေရဲ့ လိုအပ်ချက်တွေကို မှတ်တမ်းတင်ထားရှိပေးပါတယ်။ ကျွန်တော်တို့တတ်စွမ်းနိုင်သမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘူတာရုံကဝန်ထမ်းတွေကို ခရီးသည်နဲ့ ဆက်ဆံတဲ့အခါ ဆက်ဆံရေး ပြေပြစ်ချောမောဖို့လည်း အလေးထားလျက်ရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

မူးယစ်ဆေးစွဲနေသူများအား ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန (ကျိုင်းတုံ)နှင့် တွဲဘက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန(ကျိုင်းတုံ)တို့၏ စီစဉ်မှုဖြင့် တာချီလိတ်မြို့လွယ်တော်ခမ်းကျေးရွာအုပ်စု ဖားဟိ(အထက်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တာချီလိတ်မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန(ကျိုင်းတုံ)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်သူနိုင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံမှလက်ထောက်ဆရာဝန် ဒေါက်တာရာဂျန်းက ဆေးဖြတ်ကုသရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်အောင်ကျော်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

သင်တန်းတွင် မူးယစ်ဆေးဝါးစွဲနေသူများအား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းတို့ကို သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ်လ ၁၉ ရက်အထိ အချိန်တစ်လကြာဖွင့်လှစ်မည် ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

# တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**တောင်သာ ဖေဖော်ဝါရီ ၂၂**

တောင်သာမြို့နယ်အတွင်းရှိ ဇဂျမ်းကျေးရွာ၊ ကျောက္ကာကျေးရွာနှင့် ဇရပ်ကြီးကျေးရွာများမှ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က အခမဲ့ ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုများကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့တွင် ခွဲစိတ်အထူးကု ဒုတိယဗိုလ်မှူးကြီးကျော်စိန်ထွန်းဦးဆောင်၍ အထွေထွေရောဂါကုပါရဂူ၊ အရိုးခွဲစိတ်ပါရဂူ၊ အထွေထွေခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မေ့ဆေးပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ကလေးကျန်းမာရေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ သူနာပြုအရာရှိ စုစုပေါင်း ၁၀၉ ဦးပါဝင်ပြီး ရွေ့လျားခွဲစိတ်ယာဉ်တစ်စီးနှင့် ရွေ့လျားဓာတ်မှန်ယာဉ်တစ်စီးလည်း ပါဝင်ကြောင်းသိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာ၌ ဇဂျမ်းကျေးရွာတွင် ဖေဖော်ဝါရီ ၁၃ မှ ၁၅ ရက်အထိ၊ ကျောက္ကာကျေးရွာတွင် ဖေဖော်ဝါရီ ၁၆မှ ၁၉ ရက်အထိ၊ ဇရပ်ကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၂၀ မှ ၂၂ ရက်အထိ ကျေးရွာတိုက်နယ်ဆေးရုံနှင့် ဆေးခန်းများတွင်အခြေပြုပြီး အနီးပတ်ဝန်းကျင်ကျေးရွာ ၇၁ ရွာမှ ပြည်သူများအတွက်ပါ ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကျေးရွာသုံးရွာတွင် အခြေပြုဆေးကုသခြင်းအပြင် တလိုင်းသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့လည်း တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့မှအဖွဲ့ခွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ထပ်မံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးလူနာ၊ သားဖွားမီးယပ်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွား၊ အရိုးနှင့်အကြောရောဂါဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အကြီးစားခွဲစိတ်ရန်လိုအပ်သော လူနာများနှင့် လူနာစောင့်တစ်ဦးစီကို တပ်မတော်ဆေးရုံကြီး(မိတ္ထီလာ) ခုတင်(၅၀၀)သို့ တပ်မတော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တပ်မတော်ဆေးရုံကြီး(မိတ္ထီလာ)သို့ တက်ရောက်ကုသနေသော လူနာများအတွက် ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှူး ဗိုလ်မှူးဟန်ဝင်းဇော်က ငွေကျပ် ငါးသိန်း၊ We are able ဆောက်လုပ်ရေးကုမ္ပဏီကငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)မိသားစုက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ အာဟာရများ၊ Dragon Emperor Service ကုမ္ပဏီလီမိတက်က ငွေကျပ်နှစ်သိန်းခွဲ၊ မိတ္ထီလာမြို့ရောက် တောင်သာမြို့နယ်သူမြို့နယ်သားများက ငွေကျပ်နှစ်သိန်းခွဲကိုလည်း ဖေဖော်ဝါရီ ၁၉ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

**ကိုထိန်(တောင်သာ)**

# နွားစာရှားပါးမှုလျှော့ချရန် နေပီယာမြက်တိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးဖြန့်ဝေပေးနိုင်ရေးဆွေးနွေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း နွားစာရှားပါးနေမှုကို လျှော့ချနိုင်ရန်အတွက် နွားစာမြက်မျိုးဖြစ်သော နေပီယာမြက်များ တိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးဖြန့်ဝေမှုပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပုပ္ပားတောင်ချစ်သူများအသင်းတို့က ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆည်ပေါက်ဥယျာဉ်ခြံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပုပ္ပားတောင်ချစ်သူများအသင်းနာယက ဆရာတော်ဦးယုဇန (ရွှေနဒီပရဟိတ)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေးနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပုပ္ပားတောင်ချစ်သူများအသင်းမှ အသင်းဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဆည်ပေါက်ဥယျာဉ်ခြံဦးစီးအရာရှိဦးငွေဆန်းက ခြံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နေပီယာနွားစားမြက်၏သဘောသဘာဝနှင့် ပါဝင်သောအဟာရဓာတ်များ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မှု အခြေအနေများနှင့် တောင်သူများ ကြုံတွေ့နေရသည့် နွားစာရှားပါးမှုအခက်အခဲ လျော့ပါးနိုင်စေရေးအတွက် မြက်မျိုးများတိုးချဲ့ဖြန့်ဝေပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ပုပ္ပားတောင်ချစ်သူများအသင်းနာယကဆရာတော်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဆွေးနွေးပွဲတက်ရောက်သူများက ခြံအတွင်းစမ်းသပ်စိုက်ပျိုးထားသော နေပီယာမြက်မျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုကို လေ့လာကြည့်ရှုခဲ့ကြပြီး ပုပ္ပားတောင်ချစ်သူများအသင်းမှ ဆရာဦးကျော်ဝင်းဆွေက မျိုးဖြန့်ဝေနိုင်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း နွေရာသီအချိန်တွင် နွားစာရှားပါးမှုကြောင့် တောင်သူများအခက်အခဲကြုံတွေ့ရလျက်ရှိရာ နွားစာရှားပါးမှုလျှော့ချနိုင်ရေးအတွက် နေပီယာနွားစားမြက်များကို ဆည်ပေါက်ဥယျာဉ်ခြံတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစတင်၍ တစ်ဧကစမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စမ်းသပ်စိုက်ပျိုးချိန်မှ ယခုအချိန်အထိ ယင်းစမ်းသပ်စိုက်ဧကမှ မျိုးကိုင်းပေါင်း ၂၆၄၀၀ ကို မြို့နယ်ပေါင်း ၂၉ မြို့နယ်သို့ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မြင်းခြံ ဖေဖော်ဝါရီ ၂၂**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မဏိကဥ္စနာခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ မြင်းခြံခရိုင်အတွင်း လုပ်ဆောင်နေမှုများအကြောင်းကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့်ပတ်သက်၍ သုံးစွဲသူ၊ လက်ဝယ်ထားရှိသူများ၏ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်း၊ ကျောင်းကျန်းမာရေးဌာနမှူး ဒေါက်တာဇင်မာသန်းထွန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများအကြောင်းတို့ကို ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားသူကြီးများ၏ အဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ ပြည်သူ့တရားလွှတ်တော်ချုပ်ရုံး၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ဖြစ်ပွားခဲ့သည့်ပြစ်မှုများအား ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရေး၊ အဂတိလိုက်စားမှုကင်းစင်ရေး၊ ပြည်သူအများ အားထားယုံကြည်သည့် တရားစီရင်ရေးဖြစ်ထွန်းအောင် တရားရေးဝန်ထမ်းများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။

**မိုးဃက်ကျ(မြစ်ကြီးနား)**

ပြည်တွင်းသတင်း

# မဲဇာချောင်းကြီးတွင် ရွှေရှာဖွေသူများကြောင့် ရေအရင်းအမြစ်ဆုံးရှုံးလာ

**အင်းတော် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာမြစ်အတွင်း၌ ရွှေရှာဖွေနေမှုများကြောင့် ရေထုညစ်ညမ်းနောက်ကျိခြင်း၊ ရေလမ်းကြောင်းပြောင်းခြင်းများဖြစ်လာပြီး မြစ်ကိုအမှီပြုလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရရှိရန် ခက်ခဲလာကြောင်း သိရသည်။

အင်းတော်မြို့နယ် ဝါးဖြူတောင်ရွာအနီး၌ ရွှေရှာဖွေသူများက ရေယာဉ်နှင့် မော်တော်များကို ဖောင်သဏ္ဌာန်ပြုလုပ်၍ စက်အင်ဂျင်အားကောင်းစွာဖြင့် ရေအောက်ရှိသဲနုန်းမြေများကိုစုပ်ယူကာ ဇာလာပေါ်မှုတ်တင်၍ ရွှေရှာဖွေကြကြောင်း၊ ရွှေတူးဖော်မှုများပြားလာသဖြင့် ရေလမ်းကြောင်းများပြောင်းခြင်း၊ ရေထုညစ်ညမ်းနောက်ကျိခြင်း၊ မြစ်ချောင်းလမ်းများပြောင်းခြင်းဖြစ်ပေါ်နေပြီး မဲဇာမြစ်မှာ တိမ်ကောပျောက်ကွယ်တော့မည့်အခြေအနေဖြစ်နေကြောင်း၊ ဒေသခံတောင်သူများအတွက် သီးနှံမျိုးစုံစိုက်ပျိုးရန် ရေရရှိမှုအခက်အခဲများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ယခင်က ပေ ၂၀၀ကျော်ခန့် အကျယ်ရှိပြီး အနက် ဝါးတစ်လုံးစိုက်၍မမီခဲ့သည့် မဲဇာမြစ်အတွင်း နှစ်စဉ်ရွှေတူးဖော်နေသည့် လုပ်ငန်းများကြောင့် မြစ်မှာတဖြည်းဖြည်းတိမ်ကောလာပြီး ရေအရင်းအမြစ်များ၊ သစ်တောများလည်း တစ်စစနှင့် ပျောက်ကွယ်လာသကဲ့သို့ သားရဲတိရစ္ဆာန်များနှင့် ငါးမျိုးပွားမှုများလည်း လျော့နည်းလာကြောင်း၊ မဲဇာမြစ်မှ ချောင်းဖြစ်လာပြီး ရေနည်းကျဆင်းချိန်များတွင် ချောင်းမှမြောင်းဖြစ်တော့မည့် အနေအထားဖြစ်လာနေသဖြင့် ပိုမိုဂရုပြုစောင့်ရှောက်ပေးစေလိုကြောင်းလည်း ဒေသခံများကပြောသည်။

မဲဇာချောင်းအတွင်း ရွှေတူးဖော်ရှာဖွေနေသော ရေယာဉ်အစင်း ၅၀ ခန့်ရှိပြီး အဆိုပါရွှေတူးဖော်ရှာဖွေနေမှုများကြောင့် မဲဇာချောင်းကြီး၏ ဂေဟစနစ်နှင့် သဘာဝသယံဇာတများ ပျက်စီးမှုမဖြစ်စေရန်၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်နေမှုမရှိစေရန်အတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ထိန်းချုပ်ဆောင်ရွက်ပေးရန် ဒေသခံတောင်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



တိမ်ကောလာသော မဲဇာချောင်းနှင့် ရွှေတူးနေသောမော်တော်များ။

# စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

**မုံရွာ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ကသာခရိုင်အတွင်းမှ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေး(ခ)အဆင့်ရှိ အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြမှုများကို ပြုလုပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင် အစိုးရ စက်သုံးဆီ အရောင်းဆိုင်နှင့် ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင် ၈၂ ဆိုင်တို့တွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံစစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။



"စက်သုံးဆီ အရောင်းဆိုင်များမှာ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ ဆီထည့်စဉ်၊ ဆီဘောက်ဆာများ ဆီတင်၊ ဆီချပြုလုပ်စဉ် သတိပြုရမယ့်လုပ်ငန်းစဉ်များကို လိုက်နာဖို့နဲ့ စက်သုံးဆီအရောင်းဆိုင် လုပ်သားများအနေနဲ့လည်း မီးသတိ အမြဲရှိဖို့လိုအပ်သလို၊ မီးသတ်ပညာကိုလည်း တတ်မြောက်ကြဖို့ လိုအပ်ပါတယ်" ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က ပြောသည်။ မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ တိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဝင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသော မီးငြှိမ်းသတ်မှု သရုပ်ပြပွဲတွင် အမှာစကားပြောကြားရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## စာပေဗိမာန်စာမူဆု တတိယဆုရစာအုပ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် တတိယဆုရရှိသော စာမူများကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) တတိယဆုရ ယဉ်ယဉ်မွန် (ရှေးဟောင်းသုတေသန)၏ "ဟံသာဝတီခေတ်ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော်များ" (ရောင်းဈေး ၆၀၀ ကျပ်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရ လှိုင်ဝင်းဆွေ၏ "ရှေးဟောင်းကမ္ဘည်းစာများ" (ရောင်းဈေး-၉၀၀ကျပ်)၊ ဝတ္ထုရှည်တတိယဆုရ မောင်ရည်ကျော်(ရှုပ)၏ "မကြင်သာသည် ခင်ပါလျက်လည်း. . ." (ရောင်းဈေး ၅၀၀ ကျပ်)၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချ သိပ္ပံ) တတိယဆုရ အေးကို(ဆည်မြောင်း)၏ "သက်ရှိအားလုံးအတွက်ရေ" (ရောင်းဈေး ၈၀၀ ကျပ်) တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် ၂၄၅၊ ၂၄၇၊ အနော်ရထာလမ်းနှင့် (၉) လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၉-၂၆၀၉၂၀၉၇၅ ၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့်၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြင်းမူဆိပ်ကမ်း၌ကုန်စည်ရောင်းဝယ်မှုများပြား

**မြင်းမူ ဖေဖော်ဝါရီ ၂၂**

နှစ်စဉ် ဧရာဝတီမြစ်ရေပါးချိန်ဖြစ်သော နိုဝင်ဘာ၊ ဒီဇင်ဘာမှ မေလအထိ ရန်ကုန်မြို့မှ ကုန်စည်များ မြင်းမူဆိပ်ကမ်းသို့ဝင်ပြီး မုံရွာဘက်မှ ပဲစင်းငုံ၊ ပဲတီစိမ်းများနှင့် မြင်းမူဘက်မှပဲစင်းငုံ၊ ပဲတီစိမ်းများကို မြင်းမူဆိပ်ကမ်းမှပင် ရန်ကုန်မြို့သို့တင်ပို့ကြသဖြင့် မြင်းမူဆိပ်ကမ်း၌ ကုန်စည်ပို့ဆောင်မှုများ များပြားနေပြီး ဒေသခံအလုပ်သမားများ လုပ်ငန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်ကနေ ပဲစင်းငုံနဲ့ ပဲတီစိမ်းလာတင်တဲ့ သစ္စာဝင်း(၃)ကုန်တင်တွဲအခွဲကြီး မြင်းမူဆိပ်ကမ်း ရောက်လာပါတယ်။ အဲဒီ ၁၃ ရက်ကနေ ၁၈ ရက်အထိ ပဲစင်းငုံ၊ ပဲတီစိမ်းတင်နေပြီး ၁၆ ရက်မှာ သလ္လာရွှေစင်(၁)နဲ့ (၂) နှစ်စင်းလည်း မြေဆီအိတ်တွေနဲ့ ဆိုက်ကပ်လာတယ်။ မြေဆီအိတ်တွေချပြီး မုံရွာပို့ပေး၊ နောက်ပြီး မုံရွာကနေ ပဲနှစ်မျိုးသယ်ပြီး ပြန်လာရလို့ ကားသမားတွေ နှစ်သီးစားရတယ်"ဟု ကုန်တင်ကားမောင်းသူတစ်ဦးက ပြောသည်။

မြင်းမူဆိပ်ကမ်းမှ ကုန်တင်ကုန်ချလုပ်သားတစ်ဦးကလည်း ၁၇ ရက်မှာလည်း ရွှေသီရိထွန်း စားအုန်းဆီတွဲ ဆိုက်ကပ်လာပြီး ၁၈ ရက်က ကုန်တွေစချနေပြီ။ အလုပ်သမားတစ်ဦးကို စားအုန်းဆီနှစ်ပုံးထမ်း သယ်ပို့ခ တစ်ထမ်းကို ၁၂၀ ကျပ်ရပါတယ်။ ထော်လာဂျီကားပေါ်ဆို ပုံး ၆၀၀ လောက်အထိ၊ ကားကြီးခြောက်ဘီးကားပေါ်ဆိုရင် ပုံး ၁၀၀၀ လောက်အထိ တင်ပေးရတယ်။ တစ်ပုံးကို ကားခ ငွေကျပ် ၁၂၀၊ ဆန်၊မြေဆီ၊ ဘိလပ်မြေနဲ့ ပဲအိတ်တွေ အတင်အချလုပ်တဲ့အတွက် အလုပ်သမားတစ်ယောက်ကို ငါးထောင်ကနေ ခြောက်ထောင်လောက်အထိ ရကြတယ်"ဟု ပြောသည်။ မြင်းမူဆိပ်ကမ်းတွင် အလုပ်သမား ရှစ်ဆယ်ခန့်ရှိကြောင်း သိရသည်။



ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများပြီး ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းနေကြသော်လည်း မြင်းမူဆိပ်ကမ်းသို့ ကုန်ပစ္စည်းတင်တွဲများ ဝင်ရောက်မှုမှာ ယခင်နှစ်ထက်နည်းနေသေးကြောင်း၊ ယခင်နှစ်များက နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ကုန်တွဲများ စတင်ဝင်ရောက်ပြီး ယခုနှစ်တွင် ဇန်နဝါရီလမှ စတင်ဝင်ရောက်ကြောင်း၊ အလုပ်မရှိသည့် အချိန်များတွင် အလုပ်သမားများအနေဖြင့် အဆင်မပြေကြဘဲ ကျပန်းလုပ်ကိုင်စားသောက်ကြရကြောင်း သိရသည်။ **(၀၇၉)**

နိုင်ငံတကာအားကစား

# မန်စီးတီးနဲ့ ဘာစီလိုနာတို့ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေချည်း ဆုံတွေ့ရတဲ့ပွဲစဉ်တွေမို့ ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းတဲ့ အားပေးမှုတွေနဲ့အတူ ဖြတ်သန်းကြရဦးမှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ ရှုံးထွက်ပွဲစဉ်တွေ ဖြစ်တာမို့ဘယ်အသင်းမှ အမှားခံမှာမဟုတ်ဘူး။

### မန်စီးတီးနှင့် ဘာစီလိုနာ

နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားကြမှာ ဖြစ်ပေမယ့် အိမ်ရှင်ဟာ စိုးရိမ်စိတ်နဲ့ ခံစစ်လုံအောင်ကြိုးစားပါလိမ့်မယ်။ မန်စီးတီးတိုက်စစ်မှူး အဂွီရိုက ချန်ပီယံလိဂ်မှာ ငါးဂိုးသွင်းထားပေမယ့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက နှစ်ဂိုးသွင်းယူထားပါတယ်။ ကစားရှိန် ပြန်တက်လာတဲ့ ဘာစီလိုနာတို့က ကွင်းလယ်ကစားအားကို ထိန်းချုပ်ပြီး မန်စီးတီးခံစစ်ကြောင်းကို အမှားအယွင်းတွေဖြစ်ပေါ်အောင် အားထုတ်မှာဖြစ်သလို အခက်အခဲကြားက ဂိုးရအောင် သွင်းယူပြီး အောင်ပွဲခံဖို့ဖြစ်လာပါလိမ့်မယ်။

### ဂျူဗင်တပ်စ်နှင့် ဒေါ့မွန်

အသင်းလိုက်ကစားအားကောင်းတဲ့ ဂျူဗင်တပ်စ်တို့က ဒီပွဲမှာ ရလဒ်ကောင်းဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ရဲ့ ချန်ပီယံလိဂ်ကစားအားကိုကြည့်ရင် ရလဒ်ပိုင်းကောင်းအောင် တိုက်စစ်မှူးတွေ အားထုတ်နိုင်တာတွေ့နေရတာမို့ ဒေါ့မွန်တို့အဝေးကွင်းမှာ စိုးရိမ်စရာကောင်းမယ့် အနေအထားပါ။ လက်ရှိဒေ့ါမွန်ရဲ့ ခြေစွမ်းက အားရစရာမရှိတာမို့ ဒီပွဲမှာအိမ်ရှင်တို့ ဖိဖိစီးစီး ကစားရင် အနိုင်ဆိုတာကို အသေအချာပုံဖော်နိုင်မယ့်ပွဲပါပဲ။ ဂျူဗင်တပ်စ်တို့ကဒီနှစ်ချန်ပီယံလိဂ်မှာ မျှော်လင့်ချက်ကြီးကြီးမားမားထားရှိနေတာမို့ ဒေ့ါမွန်ကိုအခွင့်အရေးပေးမှာတော့ မဟုတ်ပါဘူး။ ဂျူဗင်တပ်စ်ရဲ့အိမ်ကွင်း ကြိုးစားအားထုတ်မှုတွေကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

### လေဗာကူဆင်နှင့် အက်သလက်တီကို

နှစ်သင်းစလုံး စွမ်းဆောင်မှုကောင်းမွန်တဲ့အသင်းတွေ ဖြစ်ပေမယ့် အက်သလက်တီကိုတို့က ပီပြင်တဲ့ရလဒ်ကို ပိုပြီးပုံဖော်နိုင်စွမ်းရှိပါတယ်။ လေဗာကူဆင်တို့ရဲ့ အားထုတ်မှုက တည်ငြိမ်မှုနည်းပြီး ခြေစွမ်းအတက်အကျလည်းရှိပါတယ်။ ဒါပေမယ့် အခက်အခဲကြားကနေပြီး ရလဒ်ကောင်းအောင်ကြိုးစားနိုင်တာက လေဗာကူဆင်တို့ဖြစ်တာမို့ အက်သလက်တီကိုတို့သတိထား ကစားရပါလိမ့်မယ်။ ဒီပွဲမှာ ဟွမ်ဖရန်ရဲ့ ဘောလုံးဖြန့်ဝေမှုကြောင့် အက်သလက်တီကိုတို့ ဂိုးသွင်းခွင့်တွေရရှိနိုင်ဖို့ အခွင့်အရေးကောင်းတွေ ဖြစ်ပေါ်လာနိုင်တာမို့ အိမ်ရှင်တို့ သရေပွဲရလဒ်ရရှိဖို့ ပင်ပန်းစွာ ရုန်းကန်ရမှာ အမှန်ပါပဲ။

### အာဆင်နယ်နှင့် မိုနာကို

အာဆင်နယ်တို့အတွက် အရေးကြီးတဲ့ပွဲစဉ်တွေဖြစ်ပါတယ်။ အာဆင်နယ်တို့က လောလောဆယ်မှာ အဓိကပြိုင်ဘက်တွေနဲ့ ဆုံခဲ့ရတဲ့ပွဲတွေများနေပြီး ပွဲပမ်းမှုလည်းဖြစ်ပေါ်နေပါတယ်။ မိုနာကိုတို့က အဝေးကွင်းမှာ သွားကစားရပေမယ့် ဖိအားကင်းကင်းနဲ့ ကစားမှာဖြစ်ပြီး အနိမ့်ဆုံးသရေတစ်မှတ်ကို ရအောင်ယူပါလိမ့်မယ်။ မိုနာကိုတို့က အာဆင်နယ်ရဲ့ ကစားပုံနဲ့ နည်းဗျူဟာတွေ သိရှိထားတာမို့ ပြင်ဆင်မှုတွေ ပြုလုပ်ပြီး နိုင်ပွဲရအောင် အားထုတ်မှာသေချာပါတယ်။ ဒါပေမယ့် အာဆင်နယ်တို့က လူစုံပြန်ကစားနိုင်ရင် အိမ်ကွင်းလည်းဖြစ်တာမို့ အသာစီးရနေတာတော့အမှန်ပါပဲ။ ဒါပေမယ့် အာဆင်နယ်တိုက်စစ်မှူးတွေရဲ့ဂိုးသွင်းအားတွေကလည်း ကျေနပ်စရာမရှိတာမို့ ရလဒ်ကိုယုံကြည်ဖို့ ခက်ခဲပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ကစားမယ့် အာဆင်နယ်ကိုပဲ နှစ်သက်နေမိပါတယ်။

## လီဗာပူးအတွက်ဂိုးတွေ သွင်းဖို့ လိုနေတဲ့ ဘာလော့တယ်လီ

တိုက်စစ်မှူး ဘာလော့တယ်လီဟာ လီဗာပူးကိုရောက်လာပြီးတဲ့နောက် ဂိုးများများ သွင်းနိုင်ခြင်းမရှိသေးပါဘူး။ ဒီအတွက် နည်းပြ ဘရီဒန်းရော်ဂျာက အားမလိုအားမရဖြစ်နေပါတယ်။ ဘာလော့တယ်လီကို အဝေးကွင်းပြိုင်ပွဲတွေမှာ ပိုပြီးကြိုးစားဖို့လိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ ပေါင် ၁၆ သန်းနဲ့ တန်အောင် ကစားနိုင်ခြင်းမရှိသေးဘူးလို့ သတိပေးပြောဆိုလိုက်ပါတယ်။ ဘာလော့တယ်လီဟာ ကြာသပတေးနေ့ညက ဘက်ဆစ်တပ်ကို နောက်ကျပယ်နယ်တီနဲ့ အနိုင်ရအောင် ကြိုးစားခဲ့ပေမယ့် နည်းပြရော်ဂျာကတော့ ဘာလော့တယ်လီရဲ့ အားထုတ်မှုကို မကျေနပ်သေးဘူးလို့ ဆိုပါတယ်။ အသင်းအတွက် ကြိုးစားပေးဖို့ အများကြီးလိုနေသေးတယ်လို့ ပြောဆိုလိုက်ပါတယ်။



သူရောက်လာကတည်းက အသင်းအတွက် ပြင်းပြင်းထန်ထန်ကစားတာ မတွေ့ရသေးဘူးလို့ နည်းပြကဆိုပါတယ်။ ဘက်ဆစ်တပ်နဲ့ ကစားခဲ့တဲ့ပွဲမှာ ဘာလော့တယ်လီရဲ့ ကစားပုံနဲ့ပတ်သက်ပြီး မေးရင်တောင် အမှန်တကယ်ပြောရရင် လုံးဝကျေနပ်စရာ မကောင်းပါဘူးလို့ နည်းပြက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

## ဝက်စ်ဟမ်းကို ပေါင် ၃၀၀၀၀ ဒဏ်ရိုက်

ဆောက်သမ်တန်နဲ့ ဂိုးမရှိ သရေကျတဲ့ပွဲမှာ ကစားသမားတွေကို မထိန်းနိုင်တဲ့အတွက် ဝက်စ်ဟမ်းအသင်းကို ပေါင် ၃၀၀၀၀ ဒဏ်ရိုက်လိုက်ပါတယ်။ ဝက်စ်ဟမ်းဂိုးသမား ပယ်နယ်တီဧရိယာအပြင်ဘက်မှာ ဘောလုံးကို ဖမ်းတဲ့အတွက် ဒိုင်လူကြီးကအပြစ်ပေးခဲ့ခြင်းကို ဝက်စ်ဟမ်းကစားသမားတွေက အငြင်းပွားခဲ့ပါတယ်။ ဝက်စ်ဟမ်းကစားသမားတွေကို ကွင်းလယ်ဒိုင်လူကြီးက ထိန်းမရဘဲဖြစ်ခဲ့ပါတယ်။ ဒီအနီကတ်နဲ့ ဝက်စ်ဟမ်းဂိုးသမား အာဒရီယန်ကို ကွင်းလယ်ဒိုင်လူကြီးပေါ်ဆင်က ထုတ်ပယ်ခဲ့ပါတယ်။ အာဒရီယန်ရဲ့ ဘောလုံးသမားဘဝမှာ ဒီလိုဘောလုံးဖမ်းတာဟာ ပထမဆုံးလို့ဆိုပါတယ်။ ဝက်စ်ဟမ်းကစားသမားတွေ ဒီကိစ္စအပေါ် အငြင်းပွားတဲ့အတွက် အက်ဖ်အေက ဒဏ်ရိုက်ခဲ့ပါတယ်။

## လက်ဝှေ့သမိုင်းမှာ ဝင်ငွေအများဆုံးရမည့်ပြိုင်ပွဲ

ကောင်းမြတ်သူ-စုစည်းသည်





အမေရိကန် လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားနဲ့ မန်နီပတ်ကွီယိုတို့ရဲ့ လက်ဝှေ့ပြိုင်ပွဲကတော့ ကမ္ဘာ့လက်ဝှေ့သမိုင်းမှာ ကြေးအကြီးဆုံး ပြိုင်ပွဲဖြစ်လာလိမ့်မယ်လို့ ပြိုင်ပွဲကျင်းပသူတွေက ပြောဆိုနေကြပါတယ်။ သူတို့နှစ်ဦးရဲ့ ပြိုင်ပွဲကိုတော့ အမေရိကန်နိုင်ငံလက်စ်ဗီးဂတ်မြို့မှာ လာမယ့်မေ ၂ ရက်မှာ ထိုးသတ်ကြမှာဖြစ်ပါတယ်။ ဒီရက်မှာ ထိုးသတ်ကြဖို့ ပြိုင်ပွဲကျင်းပသူတွေက အတည်ပြုလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၇ နှစ် အမေရိကန်သားမေဝဲသားနဲ့ အသက် ၃၆ နှစ်အရွယ် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပတ်ကွီယိုတို့ဟာ ကမ္ဘာ့အကောင်းဆုံးချန်ပီယံဆု နှစ်ဆုစီဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားကြသူတွေပါ။ WBCနဲ့ WBA ဝယ်တာဝိတ်ဝန်း ချန်ပီယံမေဝဲသားနဲ့ WBC ချန်ပီယံ ပတ်ကွီယိုတို့ဟာ လက်စ်ဗီးဂတ်မြို့ MGM Grand မှာ ထိုးသတ်ကြဖို့ စီစဉ်ထားပါတယ်။ မေဝဲသားဟာ ကြေးစားလက်ဝှေ့ပွဲ ၄၇ ပွဲ ထိုးသတ်ခဲ့ရာမှာ ရှုံးပွဲမရှိတဲ့သူပါ။ ပတ်ကွီယိုကတော့ ၆၄ ပွဲကစားရာမှာ ၅၇ ပွဲနိုင်ပြီး ငါးပွဲရှုံးထားပါတယ်။ ဒီပွဲဟာ အမေရိကန်ဒေါ်လာ သန်း ၂၅၀ အထိ ဝင်ငွေရရှိလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ၂၀၁၃ ခုနှစ်က မေဝဲသားကအယ်ဗာရက်ကို ထိုးသတ်ခဲ့တဲ့ပွဲမှာ ဝင်ငွေစံချိန်တင်အများဆုံး ၉၇ သန်းအထိပဲ ရခဲ့တာပါ။ ဒီပြိုင်ပွဲအပြီးမှာ လက်ဝှေ့သမားနှစ်ဦးစလုံး လက်ဝှေ့ဖြင့် အချမ်းသာဆုံးပုဂ္ဂိုလ်တွေ ဖြစ်လာနိုင်ပါတယ်။


### အမည်ပြောင်း

ဦးခင်မောင်ဝင်း၏ သမီးကြီး၊ မမေသီရိခင် ၁၂/အစန(နိုင်)၂၂၁၄၀၂ (4 th yr.Eng) အား မမေသီရိခင်(ခ) မသီရိခင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် သမီးငယ် မထူးမြတ်နိုးခင် IX-B (ထ/၂၊ အင်းစိန်)အား မထူးမြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်တင်ဝေ ပိုင်အမှတ် ၁၂၄(က)၊ စိန်မြရုံချယ်လမ်း၊ (၅၆)ရပ်ကွက် ဦးရဲမြင့်အမည်ဖြင့် မြေချပါမစ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဒေါ်တင်တင်ဝေ
ဖုန်း-၀၉-၂၅၄၅၇၀၆၈၀

### ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၃၀-၁-၂၀၁၅ ရက်ထုတ် စာမျက်နှာ (၂၄)ပါ ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ်တွင် မဂျူလိုင်ကို၏မိခင်ရင်း ဒေါ်ခင်မေစိုး ၁၂/သကတ(နိုင်)၀၄၄၉၃၅ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။





# ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ကြိုင်မြဦး (မြေပုံ/ကျောက်ဖြူ)

**Director; Green Field Int'L; Co., Ltd**

**အသက်(၈၉)နှစ်**

၁၉-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသော ဒေါ်ကြိုင်မြဦး၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာအသီးသီးမှ မိတ်ဆွေများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ လုပ်ဖော်ကိုင်ဖက် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ Green Field Int'L; Co., Ltd ၏ Customers များနှင့် လူကိုယ်တိုင်သော်လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ လှူဒါန်းရန် သင်္ကန်းများ၊ ဝတ္ထုငွေနှင့် ပစ္စည်းများအား ပေးပို့ကြပါသော မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောတင်

**အသက်(၈၃)နှစ်**

ကိုအောင်ဉာဏ်၊ ကိုစိုးဝင်းတို့၏မိခင်ကြီး ဒေါ်စောတင် သပြာရွာ၊ လောင်းလုံးမြို့နယ်၊ ထားဝယ်မြို့သည် ၂၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာကျော်ခိုင်၊ ဒေါ်စိန်ထွေး**
**မိသားစု**

---

## ဦးကျော်မိုး အသက်(၇၇)နှစ်

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန(ငြိမ်း)**

**Lecture, Assumption University, Bangkok (ငြိမ်း)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၃လမ်း(အလယ်)၊ အမှတ် ၁၀၇ (မြေညီထပ်)နေ (ဦးမြင့်သိန်း)-ဗိုလ်မှူးဒေါ်ရင်မေ(ငြိမ်း)တို့၏ သားကြီး၊ ဝိတိုရိယရိပ်သာ၊ အမှတ် ၂၇နေ (ဦးညွန့်)-ဒေါ်အေးတို့၏သားသမက်၊ ဒေါ်ခင်မေသီ၏မောင်၊ ဒေါ်ခင်ဝေသီ၊ ဦးအောင်ကျော်ဆန်း၊ ဦးမောင်မောင်သစ်၊ ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၃လမ်း(အလယ်)၊ အမှတ် ၁၀၉ (မြေညီထပ်)နေ ဒေါ်ဥမ္မာလွင်၏ ချစ်လှစွာသောခင်ပွန်း၊ သန့်ဇင်စိုး၊ ရဲစိုးမင်းတို့၏ဖခင်ကြီးသည် ၂၂-၂-၂၀၁၅ ရက် မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက် နံနက် ၉နာရီတွင် ဗဟိုစည်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမြင့်(ခ)စတီး(ခ)ကိုဇျိုင်းကြီး (ကိုလူချောများအဖွဲ့)

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့နေ(ဦးသိန်းအောင်-ဒေါ်လှသိန်း)တို့၏သား၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၄၈နေ ဦးလှသိန်း (ရေခဲမုန့်လုပ်ငန်း)-(ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်နီနီရွှေ(ခ)မပုလေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟဇွဲလှိုင်-မဟန်နီစိုး၊ မောင်သီဟစိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်မွန်မြတ်ဇွဲလှိုင်၏အဘိုးသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ဦးလှထွန်း(ကင်ဆာဖောင်ဒေးရှင်း)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

(၁)လပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

## ဗိုလ်ကြီးလေးလွင် O.T.S(92) (ကြည်း-၂၆၄၄၇)

**(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ကန့်ဘလူမြို့)**

**အသက်(၅၀)**

- ခေါ်သော်လည်း မလာ၊ ရှာသော်လည်း မတွေ့
- ကြာသော်လည်း မမေ့၊ တစ်နေ့လာနိုးနှင့် မျှော်ကိုးရင်း-----

(၁)လပြည့်သည့်တိုင် ပြန်မလာသည့်အတွက် အမှန်တကယ် စွန့်ခွာသွားသည်ဟု ယူဆရင်း (၁)လပြည့်သည့် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ခင်ပွန်းသည်အားရည်စူးပြီး ဘုရားအမှူးထား၍ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းကျွေးတရားတော်နာပြီး ကောင်းမှုကုသိုလ် အလှူဒါန အစုစုတို့အတွက် အမျှပေးဝေပါသည်။ ထိုကောင်းမှုအလှူဒါနများကို ကိုလေးရောက်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်နိုင်ပါစေ။ ကိုလေးရေ အမျှ အမျှ အမျှ

ကိုလေး၏ ကိစ္စအဝဝတွင် အစအဆုံးကူညီပေးကြသော ရပ်နီးရပ်ဝေးမှ သူငယ်ချင်း၊ မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**(ဇနီး)ဝေလေးနှင့် (သမီး) မီးမီးသဲသဲ**
**အမှတ် (၃)ရပ်၊ ကန့်ဘလူမြို့**

---

## ဦးအောင်ကျော်တိုး(ခ) ဦးထင်လင်းအောင်

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၈၊ အခန်း ၂နေ ဦးငွေအောင်-ဒေါ်တိုးတိုးရီတို့၏သား၊ ကန်တော်ကလေး၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၆နေ (ဦးဖေသန်းအောင်) - ဒေါ်ခင်အုန်းမြင့်တို့၏ သားသမက်၊ ဦးအောင်ကျော်မိုး၊ ဦးအောင်ကျော်စိုး - ဒေါ်အေးအေးစန်းတို့၏ညီ၊ မဝင်းလဲ့ဖြိုး၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၆၄နေ ဒေါ်ဇင်မွန်စံ(Hero Co., Ltd.)၏ ခင်ပွန်း၊ မကေသရီ (ပ-နှစ်၊ Eco)၊ မကြာဖြူသစ္စာ (G - 9၊ အထက-၃၊ မတည)၊မလင်းလဲ့ရွှန်း(G-6၊ အထက-၃၊ မတည)၊ မထက်နံ့သာအောင်တို့၏ ဖခင်၊ မဟေနှင်းဦး၊ မချိုနှင်းဖူးတို့၏ ဦးလေးသည် ၂၁-၂-၂၀၁၅ရက် (စနေနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ကိုစောခင်လှိုင်သန်း(ခ) တိုးတိုး

**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် ၂၁၇၊ အခန်း ၃ (၁၂လုံးတန်း)နေ (ဦးသန်းမောင်-ဒေါ်နော်လှိုဇာ)တို့၏သား၊ ဒေါ်နော်ရီတာ၏တူ၊ ဒေါ်ခင်ချိုဆင့်(ရွှေရတနာလှိုင်အထည်ချုပ်လုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဥက္ကာစောပိုင်မှူး၏ဖခင်၊ ဦးပြည်အေး (PIL Shipping) - ဒေါ်မြင့်မြင့်ကြည်၊ နော်တင်ငွေ (ခ) နော်ပါဗို၊ Capt. ဦးသန်းထွန်းအောင် (MTM Ship Management)-ဒေါ်မြင့်မြင့်သန်းတို့၏မောင်၊ မချစ်စုပြည်အေး၊ မအိမ့်မျက်ခြယ်ပြည်အေး၊ မောင်အောင်စွမ်းထက်ပြည်အေးတို့၏ ဦးလေးသည် ၂၁-၂-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃-၂-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်ပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမ

## ဒေါ်ကြည်(မြိတ်) အသက်(၉၃)နှစ်

**(ထားဝယ်၊ ဆင်ဒီကိတ်စာအုပ်ဆိုင်)**

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၁၇နေ (ဦးဘရွှေ)၏ဇနီး၊ ဦးမြင့်သိန်း(A.B.M ထားဝယ်၊ ၆၄-၆၈ Geography, R.A.S.U ကျောင်းသားဟောင်းနှင့်စနိုးပိုက်စက္ကူအရောင်တင်လုပ်ငန်း)-ဒေါ်သန်းနွဲ့၊ဦးခင်မောင်စိုး-ဒေါ်အေးမူ(အောင်မင်္ဂလာ T.V ပြုပြင်ရေး၊ ထားဝယ်)၊ ဒေါ်သန်းမူ၊ ဒေါ်တင်တင်နွယ်တို့၏မိခင်၊ ကိုဝင်းနိုင်စိုး-မနွယ်နီလင်း(ကညန၊ ထားဝယ်)၊ မလဲ့လဲ့ချိုသိန်း(လုပ်ငန်းအရာရှိ၊ အကြောအဆစ်ကုဌာန၊လပ္ပတ္တာခရိုင်ဆေးရုံ)၊ ဒေါက်တာရီရီချိုသိန်း(ခွဲစိတ်အထူးကု၊ လ/ထဆရာဝန်၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၂၂-၂-၂၀၁၅ရက် နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခေတ္တရာအသင်း (ရန်ကုန်မြို့)

## ဒေါ်မြကြည် (ရာ-၅၃)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၂၇/ခ)နေ ဦးသိန်းညွန့်၏ဇနီး၊ ရာသက်ပန်အသင်းဝင်အမှတ်-၅၃သည် ၂၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းနှင့် ၂၃-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများသို့ အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယုယု(မိတ္ထီလာ) အသက်(၆၇)နှစ်

**B.Bed**

**စီမံဌာနမှူး(ငြိမ်း)၊ မိတ္ထီလာပညာရေးကောလိပ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၄၊ နဝဒေးလမ်းနေ (ဦးလှစိန်-ဒေါ်ကြည်ကြည်လှ)တို့၏သမီးကြီး၊ ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)-ဒေါက်တာဒေါ်ခင်လေးရီ(တွဲဖက်ပါမောက္ခ၊ ငြိမ်း၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဒေါ်နုနုရီ၊ (ဦးစိုးဝင်းနိုင်)၊ (ဒေါ်သီတာစိန်)၊ ဦးအေးချို (ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူး)၊ ဒေါက်တာအေးကိုကို-ဒေါ်ခင်ချိုဝင်း၊ ဒေါ်နီလာ၊ ဦးအောင်မြတ်ကျော်၊ ဦးသူရ-ဒေါ်ပန်းမာလာတို့၏ အစ်မကြီး၊ တူ၊ တူမ ကိုးယောက်တို့၏ဒေါ်ဒေါ်ကြီး၊ မြေးနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရဲထွဋ် (စမ်းချောင်း)

**အသက်(၆၂)နှစ်**

အမှတ် ၁၁၊ ဗဟိုလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကြွယ်-(ဒေါ်မြမြ)တို့၏သား၊ ဒေါ်ညိုညို၊ ဒေါ်ဖြူဖြူ၊ ဒေါ်အေးအေး၊ (ဦးခင်ဇော်)၊ ဒေါ်နီနီကြွယ်၊ ဒေါ်ဝါဝါကြွယ်တို့၏မောင်/အစ်ကိုသည်၂၁-၂-၂၀၁၅ရက် (စနေနေ့) ည ၁၁း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၅ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ဟိန်းရွှေ(ပျဉ်းမနား)

**အသက်(၆၁)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(ယ-၁၁/၁)နေ(ဦးလှရွှေ- ဒေါ်အေးမေ)တို့၏သား၊ ဒေါ်အမာစိန်၏ခင်ပွန်း၊ ရဲအုပ်ရာဇာဟိန်း(နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး)-မပြည့်ဖြိုးသူ၊ဦးကျော်မင်းထက်(ယူနိုက်တက် အမရဘဏ်၊ နေပြည်တော်ဘဏ်ခွဲ) - မဥမ္မာဟိန်း၊ ကိုပြည့်ဖြိုးဟိန်း-မခင်နွယ်မိုး၊ ဦးရန်နိုင်ဆွေ(မင်းတပ်မြို့နယ် ဥပဒေအရာရှိ) - မဇာခြည်ဟိန်း (အထက်တန်းရှေ့နေ)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျေ့ကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းကိုမြင့် (ဖျာပုံ)

**ရွှေယမင်းပုံနှိပ်တိုက်**

**အသက်(၅၇)နှစ်**

(ဦးအုန်းရီ-ဒေါ်တင်နု)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်ခင်မြ)တို့၏သားသမက်၊ ဦးဝေပုလ္လ၊ ဒေါ်ရင်မေ၊ (ဒေါ်နွဲ့နွဲ့ငွေး)၊ ဒေါ်အေးအေးမူ၊ (ဦးသန်းချို)-ဒေါ်စီစီလွင်၊ ဦးအေးကို-ဒေါ်ဥမ္မာညွန့်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၃၂၆နေ ဒေါ်မြင့်မြင့်ဆွေ၏ခင်ပွန်း၊ မောင်အောင်အောင် - မဝေသီခိုင်၊ မောင်ရာဇာ-မခိုင်နွေဦး၊ မယမင်း၊ မချောကလျာတို့၏ဖခင်သည် ၂၂-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး

## ဒေါ်အေးမြ (စစ်တွေ)

**အသက်(၇၈)နှစ်**

စစ်တွေမြို့၊ တရားသိစုရပ်ကွက်၊ လမ်းမကြီးနေ (ဦးစိန်လှအောင်-ဒေါ်ကျော့စိန်)တို့၏သမီး၊ စစ်တွေမြို့၊ တရားသိစုရပ်ကွက်၊ လမ်းမကြီးနေ (ဦးသင်ချီအောင် - ဒေါ်မြသူ)တို့၏ ချွေးမ၊ ရွှေပြည်သာ စက်မှုဇုန် (၁)ရပ်ကွက်၊ စက်မှု ၆လမ်း၊ အမှတ် ၄၂/၉၈ DAMCO စက်ရုံဝင်းနေ ဦးထွန်းအောင်(မန်နေဂျာ၊ ငွေစာရင်း)၏ဇနီး၊ (မောင်မောင်စံ၊ တောခေါင်း)၊ (မအေးအေးမွန်)၊ မောင်ဝင်းကြိုင် (စည်ပင်၊ ငြိမ်း)၊ (မောင်ဝင်းနိုင်၊ ရဲတပ်ရင်း အမှတ်-၂၊ မောင်တော)၊ (မောင်တင်အောင်ခင်-တောခေါင်း)၊ (မောင်စံရွှေမောင်)တို့၏မိခင်၊ ဦးဦးကျော်ခိုင်(သမဌာန၊ ငြိမ်း)-ဒေါ်ခင်အုန်းမြင့်၊ (ဒေါ်သံဒါဖြူ-ဦးစိန်ထွန်း)၊ ဒေါ်ကျော့လှ (အလပြ၊ ငြိမ်း) - (ဦးကျော်လှမောင်)၊ [ဦးထွန်းအောင်ကျော်(ခ) ဦးအေးထွန်း (ဆလက၊ ငြိမ်း)]တို့၏ညီမ၊ ဒေါ်လှမြသိန်း-ဗိုလ်မှူးသာစိန်(ငြိမ်း)၊ [ဦးမောင်စံထွန်း (သာစည် ရေအားလျှပ်စစ်)]-ဒေါ်စိန်စိန်တို့၏အစ်မသည် ၂၀-၂-၂၀၁၅ရက်(သောကြာနေ့)နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းတင်

**(အထပြ)ဆရာမ**

**ရန်ကင်း၊ အထက(၂)**

**အသက်(၅၃)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ (ဦးဘတင်-ဒေါ်ညိုချေ)တို့၏သမီးငယ်၊ ဦးမောင်ဝေကျန်-ဒေါ်ကြာဖြူမေ၊ ဦးကျော်သိန်း-ဒေါ်စိန်ယိုင်နု၊ ဦးစံညွန့်-ဒေါ်မြသန်းတို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်း၊တိုက် ၁၃၇၊အခန်း ၈နေ ဦးသိန်းညွန့်-ဒေါ်နုနုတင်(အလပြ၊ ငြိမ်း)တို့၏ညီမငယ်၊ ဦးမျိုးကျော်(ခ)ဦးချိုင်-ဒေါ်ခင်မာရီ(အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့)၊ ဒေါ်စုဟေမာထွေး(မူလ တန်းပြဆရာမ၊ လှိုင်သာယာ)တို့၏အဒေါ်၊ မောင်ဝေယံဖြိုး၊ မောင်သူရရဲရင့်တို့၏အဘွားသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်အေး (နဘဲပင်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၃၇၁နေ (ဦးဖိုးလှ-ဒေါ်ကြီး)တို့၏သမီး၊ (ဒေါ်ကျင်မြိုင်)၊ (ဒေါ်ကျင်မြ)တို့၏ညီမ၊ ဦးဟုတ်လှိုင်၏အစ်မ၊ ဒေါ်ရှုဟုန်၊ ဒေါ်ရှုဝေ၊(ဦးမြင့်စိန်)-ဒေါ်ကျင်သန်းတို့၏ အဒေါ်သည် ၂၁-၂-၂၀၁၅ရက်(စနေနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေးသွင်(ခ) ဒေါ်စိန်သွင်

**အထက(၂)စမ်းချောင်း**

**ကျောင်းသူဟောင်း**

**B.Sc, (Zoo)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၄၂၁၊ အောင်ဇေယျလမ်းနေ (ဦးဖေမြင့်-ဒေါ်ပွင့်)တို့၏ သမီးကြီး၊ (ဦးစံထွန်း-ဒေါ်မြသွေး)တို့၏သမီးချွေးမ၊ ဦးအေးသောင်း (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကိုကို(ဗဟိုသမဝါယအသင်း၊ငြိမ်း)-(ဒေါ်ခင်တင့်၊ပညာရေးတက္ကသိုလ်၊ ငြိမ်း)၊ ဦးစိုးမင်း(သထုံ)၊ ဗိုလ်မှူးမြင့်သိန်း (မထသ၊ ငြိမ်း)၏ညီမ၊ ဦးမြသိမ်း-ဒေါ်လှလှဝေ(သထုံ)၊ (ဒေါ်အေးချစ်)၊ ဒေါ်အေးမြင့်(စက်မှု-၁၊ ကွေ့/မြေ၊ ငြိမ်း)တို့၏ အစ်မ၊ ဦးအောင်စိုးဦး - ဒေါ်ဆွေဝင်းထွန်း (အလက-၇၊ ဒဂုံတောင်)၊ ဒေါ်စုလှိုင်ထွန်း(B.Sc, Chemistry)၊ ဦးဇော်မင်းဦး-ဒေါ်စိုးသိမ့်သိမ့်ချော (အထက-၃၊ ဒဂုံ)တို့၏မိခင်၊ မောင်ဘုန်းမင်းခန့် (အလက-၄၊ ရန်ကင်း)၊ မောင်ရန်နိုင်ဝင်း(အလက-၄၊ ရန်ကင်း)၊ မောင်ဇာနည်ဖြိုးပိုင်၊မမြတ်ပြုံးနုခိုင်၊မောင်ဂျူမုံတို့၏ဘွားဘွားကြီးသည်၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက် ( အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်မေ (ဖောင်းပြင်)

**သ/မဦးစီးမှူး(ငြိမ်း)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးညွန့်တင်) - ဒေါ်အေးတို့၏ သမီးချွေးမ၊စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်နေ (ဦးဘသန်း-ဒေါ်သိန်း)တို့၏သမီး၊ ဦးအောင်ဆန်း-ဗိုလ်ကြီးဒေါ်ရင်ရင်(ငြိမ်း)တို့၏ညီမ၊ သုဝဏ္ဏနေ ဦးတင်ဝင်း[ဆည်မြောင်း ညွှန်ကြားရေးမှူး(ငြိမ်း)]-ဒေါ်လှလှမိုး၊ ဒေါ်မူမူတင် (စာရင်းစစ်အရာရှိ၊ စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဦးသိုက်ထွန်း(အထပြ၊ ဗိုလ်တထောင်၊ အထက-၂)၊ (ဦးချမ်းငြိမ်း)-ဒေါ်မိုးမိုးအေး(မြတ်မွေးကုမ္ပဏီလီမိတက်)၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေ ဦးတင်ဖေ (သစ်ထုတ်လုပ်ရေးမန်နေဂျာ၊ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ အရာတော်မြို့နေ ဦးအောင်မြင့်(ပညာရေးမှူး၊ ငြိမ်း) - ဒေါ်ခင်နွဲ့၊ မိုးကုတ်မြို့နေ ဦးစိုင်းအုန်းဖွယ်-ဒေါ်မူမူအေး(သ/မဦးစီးမှူး)တို့၏ အစ်မကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ ဦးဝင်းလှိုင်တင်(ဆည်မြောင်း)-ဒေါ်သန်းသန်းဆင့်၊ လှိုင်သာယာမြို့နယ်နေ ဦးမြင့်ဆွေအေး(တိုင်းမြေစာရင်း)-ဒေါ်မေဇင်သိုက် (အလက - ၁၄)၊ ရန်ကင်းမြို့နေ ဦးကိုင်ဇာမိုး (တပ်မတော်-ရေ) - ဒေါ်ကေသီနေဝင်းတို့၏ မိခင်၊ မောင်သုတဇော်၊ မအိချွေဇင်ဖူးပြည့်၊ မအိမ့်ကြည်ဖြူတို့၏ အဘွား၊ ရန်ကုန်မြို့နေ ဦးသိုက်တင်(သ/မဦးစီးမှူး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၁-၂-၂၀၁၅ရက်(စနေနေ့)ည၁၀း၀၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [လှိုင်သာယာ၊ (၁၄)ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သူရိယ

**သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကြို့ပင်သာကျေးရွာ၊ ကြို့ပင်သာ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘုမ္မတီးဂိုဏ်းလုံးဆိုင်ရာ ဂဏာဓိပတိ ဩဝါဒါစရိယ ကြို့ပင်သာကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသူရိယ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တပေါင်းလပြည့်နေ့) ၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ကြို့ပင်သာရွာ ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန ပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

## ဦးမြ

**ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး**

**စက်မှု(အထည်)**

**အသက်(၇၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ နဘဲကုန်းကျေးရွာနေ (ဦးပေါ-ဒေါ်ချင်း)တို့၏သား၊ အမှတ် ၈၇၀(လေးလွှာ)(ခေါင်းရင်းခန်း)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်နေ ဒေါ်ခင်သန်း(စက်မှု၊ အထည်၊ငြိမ်း)၏ခင်ပွန်း၊ ဦးမောင်မောင်လွင်-ဒေါ်ခင်မြမြခက်၊ ဦးသန်းစိုး-ဒေါ်မြင့်သက်နွယ်၊ ဒေါ်နီလာသန်း (နိုင်ငံခြားဆောက်လုပ်ရေး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၁-၂-၂၀၁၅ရက် ည ၁၀း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမင်းအေးချို(ခ)ချိုကြီး အသက်(၆၀)

ရန်ကုန်မြို့နေ (ဒေါက်တာနိုင်ပန်းလှ-မိသိန်းနွယ်)တို့၏သား၊ တာမွေမြို့နယ်၊ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၈၂(ငါးလွှာ)နေ (ဦးခင်မောင်ကြီး-ဒေါ်ရင်မေ)တို့၏သားသမက်၊ ဒေါက်တာမန်းစိုးမြင့်-ဒေါ်ခင်ခင်လှ၊ (ဦးမင်းအောင်ချမ်း)၊ ဦးမင်းအေးချမ်း-ဒေါ်တင်တင်စိန်၊ ဦးမင်းမေချမ်း-ဒေါ်သစ်သစ်၊ ဦးမင်းလှိုင်းထော-ဒေါ်ကြည်ကြည်ဆန်းတို့၏ညီ၊ ဦးမင်းလှိုင်းစွန်း၏ အစ်ကို၊ ဒေါ်နှင်းဆီ(သျှင်ပါကူ စင်ထရယ်ဓာတ်ခွဲခန်း)၏ခင်ပွန်း၊ မင်းတင်ဦးချို(ခေတ္တ-စင်ကာပူ)၏ဖခင်သည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးဖေ (ရွှေညောင်)

**အသက်(၇၄)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ခနသိဒ္ဓိရပ်၊ သီတာလမ်း၊အမှတ် ၂၀(က)နှင့်ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ဘုရင့်နောင်ရိပ်သာ၊ တိုက်(C)၊ အခန်း ၄နေ ဒေါ်ညွန့်စိန်၏ခင်ပွန်း၊ ဒေါ်သန်းနုအေး(အထက၊ ရွှေညောင်)၊ ဦးဝင်းလှိုင်ဦး-ဒေါ်ခင်သီတာအောင်၊ ဦးဘိုဘိုအေး-ဒေါ်ချိုချိုအေး၊ ဗိုလ်မှူးဇော်မင်းထွေး(ကလေးကျန်းမာပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်) - ဒေါက်တာမြတ်စန္ဒာတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)ငြိမ်းအေးဇရပ်၌တရားတော်နာပြီး ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[နေအိမ်မှ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ငြိမ်းအေးဇရပ်သို့ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ကေမင်းထက်

**အသက်(၂၁)နှစ်**

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၂)၊ချမ်းမြေ့သာလမ်း၊ အမှတ် ၄၉/၁၁၄နေ ဦးအောင်ကျော်မင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကျေးလက်ဦးစီးဌာန၊ ရှမ်းပြည်နယ်)-ဒေါ်နန်းလင်းသီတို့၏ချစ်လှစွာသောသားထွေး၊ မောင်တေဇာဖြိုး[(First Engineer (SG)]-ဒေါက်တာလွင်နေခြည်အောင်၊ မမြတ်မွန်အောင်(လာအို-မြန်မာသံရုံး) (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ညီ/မောင်သည် ၂၁-၂-၂၀၁၅ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံမှတိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၁တွင် ဦးမိုးဇော် အသက်(၆၈)နှစ် နာရေးကြော်ငြာ၌ (ကိုကျော်ဇေယျာဦး၊ 2/E-Bay Point Shipping)အစား ကိုကျော်ဇေယျာဦး(2/E, Bay Point Shipping) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဦးတင်အုံး

**(ဆလရ၊ ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ် ၇၂၂နေ (ဦးထွန်းရှိန် - ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးစွန်စိန်-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေ (ဆလရ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်အေးအေးမာ၊ ဦးတင်မြင့်-ဒေါ်ခင်ဝေ၊ ဦးတင်ထွဋ် - ဒေါ်စန်းစန်းဝင်းကြည်၊ (ဦးတင်ငြိမ်း-ဒေါ်ခင်အေးမြင့်)၊ (ဦးဝင်းရှိန်)တို့၏အစ်ကိုကြီး၊ ဦးကျော်မိုးဦး - ဒေါ်တင်နွယ်သန်း (အဆောက်အအုံအထူးအဖွဲ့-၅)၊ ဒေါ်တင်နွယ်အေး (ကထိက၊ ရွှေဇီဝ သဘာဝဇီဝမြေဩဇာလုပ်ငန်း၊ မုဒုံမြို့)၊ ဦးကျော်ကျော်စိုး၊ ဦးတင့်လွင်-ဒေါ်အိအိခင်တို့၏ ဖခင်၊ မဇင်လွင်လွင်ထက်၊ မောင်ရဲလင်းကို၊ မောင်ခန့်နိုင်တို့၏အဘိုး၊ တူ၊ တူမ ၁၁ယောက်တို့၏ဘကြီးသည် ၂၁-၂-၂၀၁၅ရက်(စနေနေ့)ညနေ ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမိုးဇော်

**(ခွဲထောက်တပ်ကြပ်ကြီး၊ ငြိမ်း)**

**အသက်(၆၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ (ဦးဝမ်စိန်-ဒေါ်အေး)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗန္ဓုလလမ်း၊(၃၈)ရပ်ကွက်၊ အမှတ် ၇နေ ဒေါ်စန်းစန်းရီ (စက်မှု-၂၊ ငြိမ်း)၏ခင်ပွန်း၊ကိုသန်းထွေး-မဇာဇာမိုး(ဂမုန်းပွင့်ကုမ္ပဏီ)၊ ကိုကျော်ဇေယျာဦး (2/E, Bay Point Shipping)-မသီဂီအောင် (P.F.E.C - မူကြို)၊ ကိုမင်းအောင် Assistant Manager(MGW Construction)-မဖြူဖြူပြုံး (စာရင်းစစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ)၊ ကိုသက်ထူးအောင် (လိုင်စင်အင်ဂျင်နီယာ၊ YCDC) - မကေခိုင်ဦးတို့၏ ဖခင်၊ မစောယုယနွယ် (အထက -၅၊ မရမ်းကုန်း)၊ မောင်ခန့်ဇေယျာဟိန်း (NIEC, P-2)တို့၏အဘိုးသည် ၂၁-၂-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မိမိတို့တိုင်းရင်းသားညီအစ်ကိုများသည် ပထဝီအနေအထားအရလည်းကောင်း၊ လူမျိုးကိုးကွယ်သည့်ဘာသာအရလည်းကောင်း ကွဲပြားခြားနားမှုများရှိနိုင်သော်လည်း မိမိတို့နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုလားသည့်စိတ်များတွင် တူညီကြပါသည်။ ထိုတူညီမှုအပေါ် အခြေခံပြီး ပြည်ထောင်စုတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

သတင်းနှင့်ဓာတ်ပုံ
ကိုကိုစိုးညွန့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကာယကြံ့ခိုင်မှု၊ ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ရိုးရာလက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁၌ အမျိုးသမီး မီတာ ၁၀၀၀၀၊ အမျိုးသား မီတာ ၁၀၀၀၀၊ အမျိုးသမီး ၇ မျိုးစုံ၊ အမျိုးသမီး မီတာ ၄၀၀၊ အမျိုးသားမီတာ ၄၀၀၊ အမျိုးသမီး သံပြားဝိုင်းပစ်၊ အမျိုးသားသံပြားဝိုင်းပစ်များ ကျင်းပသည်။

ဘတ်စကက်ဘော ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ပဲခူးက မွန်ကို (၅၁-၅၀)မှတ်ဖြင့် လည်းကောင်း၊ မန္တလေးက ကယားကို (၇၉-၅၈)မှတ်ဖြင့်လည်းကောင်း၊ ကချင်က ဧရာဝတီကို (၈၄-၅၉)မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင်စစ်ကိုင်းက ဧရာဝတီကို (၁၀၀-၄၃)မှတ်ဖြင့် လည်းကောင်း၊ ကရင်က မန္တလေးကို

*စာမျက်နှာ ၁၃ ကော်လံ ၁* ❁



အမျိုးသား မီတာ ၄၀၀ ပြိုင်ပွဲ စတင်တာထွက်စဉ်။



ဂျူဒိုအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

**တူရကီတင့်ကားများနှင့်တပ်ဖွဲ့ဝင်များ ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်**

*စာမျက်နှာ » ၄*

**ကျောင်းသားသမဂ္ဂနှင့် အစွန်းတရားနှစ်ပါး**

*ဆောင်းပါး စာမျက်နှာ » ၆*

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတွက် အများပြည်သူအား အသိပေးထုတ်ပြန်**

*စာမျက်နှာ » ၁၀*

## ရခိုင်အသင်း ဂိုးပြတ်အနိုင်ယူပြီး ဒုတိယမြောက်နိုင်ပွဲရရှိ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)

**ရခိုင်ယူနိုက်တက် - သုံးဂိုး**
(ပြည်မိုး-နှစ်ဂိုး၊ နိုင်နိုင်ကျော်-တစ်ဂိုး)
**မနောမြေ - ဂိုးမရှိ**

ရခိုင်ယူနိုက်တက် အသင်းမှာ အရေးပါသည့်ပွဲတွင် မနောမြေ အသင်းကို အနိုင်ယူပြီး ယခုရာသီ၏ ဒုတိယမြောက်နိုင်ပွဲကိုရယူနိုင်ခဲ့သည်။ ကစားပုံတက်လာသည့် ရခိုင်အသင်းမှာ မနောမြေအသင်းကို အသာမရခဲ့သော်လည်း ရရှိသည့်ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခဲ့၍ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ မနောမြေအသင်းမှာ ယခုပွဲတွင် အမှားအယွင်းသိသိသာသာများခဲ့ပြီး ငါးပွဲမြောက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမှတ်လိုနေသည့် အသင်းများဖြစ်၍ လူစုံထုတ်ကာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မနောမြေအသင်းဂိုးရန် ကြိုးပမ်းခဲ့သော်လည်း အဓိက

*စာမျက်နှာ ၁၃ ကော်လံ ၅* ❐



မနောမြေအသင်း ရခိုင်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

## ကိုးကန့်သောင်းကျန်းသူအဖွဲ့ ယာယီခြေကုပ်ယူထားသော ၁၈ မိုင် လမ်းဆုံအနီး တောင်ကုန်းများအား ရှင်းလင်းသိမ်းပိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကိုးကန့်သောင်းကျန်းသူအဖွဲ့များအနေဖြင့် လောက်ကိုင်-ကုန်းကြမ်းကားလမ်း ပေါ်ရှိ ၁၈ မိုင်လမ်းဆုံအနီး တောင်ကုန်းများအား ယာယီခြေကုပ်ယူ၍ ဆက်သွယ်ရေးလမ်းကြောင်းအား ထိန်းချုပ်ဖြတ်တောက်ထားခဲ့ရာ တပ်မတော်စစ်ကြောင်းများက လေကြောင်းပစ်ကူရယူ၍ ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းမှ စတင်တိုက်ခိုက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းအထိ ထိတွေ့တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့ကာ လမ်းကြောင်းအား စိုးမိုးထားသည့် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများအား သိမ်းယူနိုင်ခဲ့သည်။

ယခုအခါ လောက်ကိုင်-တာရွှေထန်- ၁၈ မိုင် -ညံ့ခွမ်းလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး လမ်းပန်းဆက်သွယ်မှုများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်သော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၁ ရက်တွင် နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များသည် လောက်ကိုင်မြို့အနီးတစ်ဝိုက်၌ တစ်ကြိမ်၊ လော်ကွာကျိုင်းအနီးတစ်ဝိုက်၌ တစ်ကြိမ်၊ လုံထန်ရွာအနီး၌တစ်ကြိမ် ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ယနေ့မွန်းလွဲပိုင်းအထိ ထိတွေ့တိုက်ပွဲစုစုပေါင်း ငါးကြိမ်ဖြစ်ပွားခဲ့ပြီး အထက်ပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ အလောင်းသုံးလောင်း၊ လက်နက်ငယ်မျိုးစုံခုနစ်လက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် ၂ ဒသမ ၅ ကီလိုဂရမ်ခန့်၊ အိုက်စ် ၂ ဒသမ ၅ ကီလိုဂရမ်ခန့်တို့အား သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး အသက်ပေးလှူခဲ့၍ အရာရှိ၊ စစ်သည် ၂၁ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသော အရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက လောက်ကိုင်မှ ကွမ်းလုံသို့ ထွက်ခွာလာသော သတင်းထောက်များနှင့် တိုက်ပွဲရှောင်ပြည်သူများ တင်ဆောင်လာသည့် ကြက်ခြေနီအလံလွှင့်ထူထားသောယာဉ်အား ပါစင်ကျော်နှင့် ချင်းရွှေဟော်ကြားတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းက

*စာမျက်နှာ ၁၁ ကော်လံ ၁* ☆

R/488 mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS